# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (6-2-2007) (၅၂၂၅)


နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေရှိအောင် အုပ်ချုပ်ရေးအပိုင်းကို ပြုပြင်ပြောင်းလဲနေသည့်အချိန်၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများကိုလည်း ပြန်လည်ပြုပြင် ဖွဲ့စည်းခြင်း၊ မသမာမှုများကို ဖော်ထုတ်အရေးယူခြင်း၊ ပြည်သူများ၏ဝေဖန်တိုင်ကြားမှုများကို ဖိတ်ခေါ်လက်ခံခြင်းတို့ကို ပြုလုပ်နေသည့်အချိန်၊ ယင်းကဲ့သို့ အထွေထွေ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေချိန်၌ တရားရေးအပိုင်းကလည်း လိုက်လျောညီညွတ်စွာ အလိုက်သင့် အလျားသင့် ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီ။

## တရားစီရင်ရေးသည် အဝန်းအဝိုင်းကျဉ်းသော်လည်း ယင်း၏အကျိုးသက်ရောက်မှုမှာ အလွန်ကျယ်ဝန်း

## တရားရေးနှင့် ဆက်စပ်နေသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများ၊ ရဲအရာရှိများ၊ ရှေ့နေများသည် ပြည်သူများ၏ အကဲဖြတ် မှတ်ကျောက်တင်ခံနိုင်စွမ်း ရှိကြရမည်

## တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာပြီး မှန်မှန်ကန်ကန်၊ မြန်မြန်ထက်ထက်၊ တရားမျှတမှုရှိရှိ တရားစီရင်နိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းအထောက်အကူပြုမှုရယူ




နေပြည်တော် ဖေဖော်ဝါရီ ၅

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်နယ်/တိုင်း တရားသူကြီးများနှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တရားရေးဆိုင်ရာများ၊ ဥပဒေရေးရာကိစ္စများကို ရှင်းလင်းမှာကြားသည်။**

**တက်ရောက်**

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်နယ်/တိုင်း တရားသူကြီးများနှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများအား တရားရေးဆိုင်ရာများ၊ ဥပဒေရေးရာကိစ္စများကို ရှင်းလင်းမှာကြားစဉ်။** (သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၆-၂-၂၀၀၇
(အင်္ဂါနေ့)

# စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးအကျိုးပြု ဆည်၊ ကန်၊ တမံငယ်များ တိုးချဲ့ဖွင့်လှစ်

နိုင်ငံတော်က မိုးနည်းရေရှားရပ်ဝန်းများတွင် ဆည်တမံ စီမံကိန်းများနှင့်အတူ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး အစီအမံများနှင့် ဆည်၊ကန်၊တမံငယ်များကို တည်ဆောက်ပေးလျက်ရှိရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိလာပြီ ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်ရေးအတွက် မိုးကောင်းသောက်လယ်မြေများအဖြစ် ပြောင်းလဲရေး၊ သီးနှံမျိုးနှင့်နည်းပညာများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့တွင် အားပေးကူညီလျက်ရှိသည်။

ယင်းသို့ စိုက်ပျိုးရေ ရရှိရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးနေမှုများကြောင့် ယခင်က မိုးရေကိုသာ မျှော်ကိုးပြီး သီးနှံတစ်သီးကိုပင် ခက်ခက်ခဲခဲ စိုက်ပျိုးလာခဲ့ကြရာမှ ယခုအခါ ဆည်ရေဖြင့် သီးထပ်၊သီးညှပ် သီးနှံများ တိုးချဲ့ စိုက်ပျိုးလာနိုင်ကြပြီဖြစ်သည်။

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်း တည်ဆောက်ပြီးစီးသွားသော တမာရေလှောင်တမံနှင့် ဖိုးနီ ရေလှောင်တမံတို့ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ရေလှောင်တမံ စီမံကိန်းများအနက် တမာရေလှောင်တမံသည် ၁၉၄ ခုမြောက် စီမံကိန်းဖြစ်ပြီး ဖိုးနီရေလှောင်တမံသည် ၁၉၅ ခုမြောက် စီမံကိန်းဖြစ်သည်။

ဆိပ်ဖြူမြို့နယ်အတွင်း အဆိုပါ ရေလှောင်တမံနှစ်ခု ထပ်မံတည်ဆောက် ဖွင့်လှစ်ပေးနိုင်သည့်အတွက် ကျေးရွာအုပ်စုများရှိ လယ်မြေဧက နှစ်ရာကျော်တွင် စပါးတစ်သီးသာမက ကုလားပဲ၊ ပဲစင်းငုံနှင့် နှမ်းများပါ တိုးချဲ့၍ နှစ်သီးစိုက်ပျိုးလာနိုင်ကြမည်ဖြစ်သည်။

ယခုအခါ မကွေးတိုင်းအတွင်း ဆည်၊ကန်၊တမံငယ်များ တိုးချဲ့တည်ဆောက်ပေးနိုင်သည့်အတွက် တောင်သူလယ်သမားများ သီးထပ်သီးနှံများ စိုက်ပျိုးလာနိုင်၍ ဝင်ငွေတိုး အကျိုးဖြစ်ထွန်းလာစေသည့်အပြင် ဒေသဆန် ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကိုပါ ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ကယားပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များ နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ကယားပြည်နယ် ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ကယားပြည်နယ်မှ ဦးဖရေရယ်ခေါင်းဆောင်သော တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ် ၅၃ဦးသည် ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် နေပြည်တော် လေဆိပ်သို့ ရောက်ရှိလာရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ (သတင်းစဉ်)

## သဲဖြူတောရရိပ်သာ တရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရမွှရိပ်သာတွင် ဖေဖော်ဝါရီ ၉ ရက်မှ ၁၉ ရက်အထိ တရားစခန်းကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်မည့် ယောဂီများ ဖုန်း-၆၆၇၇၁၆၊ ၆၆၂၈၃၆၊ ၆၆၆၁၆၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ရန်ကုန်မြို့မှ ယောဂီများ စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁နာရီခွဲအရောက် လာရောက်ရန် နှိုးဆော်ထားသည်။ (က-ပ)

## ကျုံ့မငေးအသင်း နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ကျုံ့မငေးအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို ကျုံ့မငေးအသင်းတည်ရှိရာ အမှတ်(၅၇) လှည်းတန်းလမ်း လမ်းမတော်မြို့နယ်တွင် ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရန်ကုန်နှင့် အနယ်နယ်အရပ်ရပ်မှ ကျုံ့မငေးအသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

# အမေရိကန် ရဟတ်ယာဉ်လေးစင်း ပစ်ချခံရမှုကြောင့် ပျက်ကျဟုဝန်ခံ

ဝါရှင်တန် ဖေဖော်ဝါရီ ၄

**အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ရဟတ်ယာဉ်လေးစင်း ပျက်ကျခဲ့ရမှုမှာ ပစ်ချခံရခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ဝန်ခံပြောကြားလိုက်သည်။**

သီးခြားစီဖြစ်ပွားသည့် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်စဉ်များတွင် အမေရိကန်တပ်ဖွဲ့ဝင်နှင့် ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်း ၂၁ ဦး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် မိမိတို့၏ ရဟတ်ယာဉ်များကို ပစ်ချနိုင်ရန် ပစ်မှတ်ထားနေကြဆဲဖြစ်ကြောင်း ဗိုလ်ချုပ်ဝီလျံကတ်ဝဲလ်က ပြောကြားသည်။ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ရဟတ်ယာဉ်များ အသုံးပြုမှုကို ကန့်သတ်ထားကြောင်း ၎င်းက ပြောကြားသည်။

**ပြောကြား**

စစ်ရဟတ်ယာဉ်များ ပစ်မှတ်ထားခံနေရခြင်းကြောင့် ရဟတ်ယာဉ်များ ဖြန့်ကြက်ရာတွင် နည်းဗျူဟာများ ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်း ဗိုလ်ချုပ် ကတ်ဝဲလ်က ပြောကြားသည်။ အမေရိကန်စစ်ဘက်သည် တပ်ဖွဲ့ဝင်များအား သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း၊ လေကြောင်းထိုးစစ်များ ဆင်နွှဲရာတွင် လည်းကောင်း ရဟတ်ယာဉ်များကို သုံးစွဲနေရသည်။ အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် လေးနှစ်နီးပါးကာလအတွင်း အမေရိကန်စစ်ရဟတ်ယာဉ် ဒါဇင်ပေါင်းများစွာ ပျက်ကျခဲ့သည်။ ပျက်ကျသည့် ရဟတ်ယာဉ်အချို့မှာ ပစ်ချခံရခြင်းကြောင့် ဖြစ်သည်။ အီရတ်နိုင်ငံတွင် အမေရိကန်စစ်ရဟတ်ယာဉ် ပျက်ကျသည့် နောက်ဆုံးဖြစ်ရပ်မှာ သောကြာနေ့တွင် ဖြစ်ပွားခဲ့သည်။ ဘဂ္ဂဒက်အနောက်မြောက်ဘက်တွင် ဖြစ်ပွားသည့် ရဟတ်ယာဉ်ပျက်ကျမှုအတွင်း တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

***အင်တာနက်။***




# ဂျကာတာတွင် ရေလွှမ်း လူတစ်သိန်းကျော် ဒုက္ခရောက်

**ဂျကာတာ ဖေဖော်ဝါရီ ၄**

အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားသဖြင့် ငါးဦးသေဆုံးပြီး လူပေါင်း ၁၀၆၀၉၅ ဦးမှာ ရေဘေးဒုက္ခသည်ဘဝသို့ ရောက်ကြရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက စနေနေ့တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နှစ်ရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် နေအိမ်များ၊ အစိုးရအဆောက်အအုံများနှင့် ဈေးဆိုင်များစွာမှာ ရေနစ်မြုပ်ခံရသည်။ ရေလွှမ်းမိုးမှုကြောင့် လျှပ်စစ်နှင့် ရေဖြန့်ဖြူးရေး လုပ်ငန်းများ ထိခိုက်ရသည်။

ကြာသပတေးနေ့ ညမှစ၍ နှစ်ရက်တိုင်တိုင် မိုးသည်းထန်ခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ရသည်။ မြို့တော်ရှိ ရပ်ကွက်အများအပြားတွင် ၁ မီတာမှ ၂ ဒသမ ၅ မီတာ အထိ ရေနစ်မြုပ်လျက်ရှိသည်။ မြို့တော်နှင့် ဆင်ခြေဖုံးဒေသတို့ကို ဆက်သွယ်သည့် လမ်းများမှာလည်း ရေလွှမ်းခံရသည်။

ဂျကာတာတွင် ဖြစ်ပွားခဲ့ဖူးသမျှ ရေလွှမ်းမိုးမှုများအနက် အဆိုးရွားဆုံးဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဥရောပတွင် စစ်ရေးအရ အသာစီးယူမှု နေတိုးနှင့် အမေရိကန်ကို ရုရှားဝေဖန်

**ဘာလင် ဖေဖော်ဝါရီ ၅**

ဥရောပတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နှင့် အမေရိကန်နိုင်ငံတို့ စစ်ရေးအရ အသာစီးရယူထားခြင်းနှင့် ပတ်သက်၍ ရုရှားနိုင်ငံက စိုးရိမ်ပူပန်မိကြောင်း၊ ယင်းကဲ့သို့ စစ်ရေးအရ အသာစီးရယူထားရန်လည်း မလိုအပ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့က စနေနေ့တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် လာမည့်ရက်သတ္တပတ်ကုန်၌ လုံခြုံရေးဆိုင်ရာ နှစ်ပတ်လည်ညီလာခံ ကျင်းပရန်ရှိနေစဉ် လက်ဗ်ရော့က အထက်ပါအတိုင်း ဝေဖန်ခြင်းဖြစ်သည်။

အနောက်နိုင်ငံများနှင့် အရှေ့နိုင်ငံများအကြား စစ်ရေး အင်အားချိန်ခွင်လျှာမှာ တစ်ဖက်စောင်းနင်းဖြစ်လျက်ရှိကြောင်း၊ ဥရောပတွင် အမေရိကန်နိုင်ငံ၏ စစ်ရေးအင်အားတည်ရှိမှုမှာ တစ်ဖက်သတ်ဆန်ကြောင်း၊ သို့ရာတွင် ရုရှားနိုင်ငံအနေဖြင့် လက်နက်ပြိုင်ပွဲ ဖြစ်ပေါ်စေမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မူးယစ်ဆေးဝါးရှာဖွေသည့် ခွေးတစ်ကောင်အား သတ်ဖြတ်ရန်ခြိမ်းခြောက်

**ဘိုဂိုတာ ဖေဖော်ဝါရီ ၄**

ကိုလံဘီယာနိုင်ငံတွင် မူးယစ်ဆေးဝါး နှိမ်နင်းရေးလုပ်ငန်း၌ အသုံးပြုနေသည့် ရဲတပ်ဖွဲ့မှ ခွေးတစ်ကောင်ကို သတ်ဖြတ်ပစ်မည်ဟု မူးယစ်ဆေးဝါးဂိုဏ်းများက ခြိမ်းခြောက်ထားကြောင်း ဖေဖော်ဝါရီ ၃ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက်ဘေးအန္တရာယ် ခြိမ်းခြောက်ခံရသော ခွေးမှာ အသက်ငါးနှစ်အရွယ်ရှိ ခွေးမတစ်ကောင်ဖြစ်သည်။ အဂါတာဟူ၍ အမည်ပေးထားသည့် ယင်းခွေးမကို သတ်ဖြတ်နိုင်သူအား ဆုငွေချီးမြှင့်မည်ဟု မူးယစ်ဆေးဝါးဂိုဏ်းများက ပြောကြားသည်။

လုပ်ငန်းတာဝန် ဆောင်ရွက်ရာတွင် ကျေပွန်မှုရှိပြီး မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်မှုများကို အမြဲတစေ ဖော်ထုတ်ပေးနိုင်သည့် ယင်းခွေး၏ အသက်ဘေးအန္တရာယ်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ၂၄ နာရီမပြတ် စောင့်ကြပ်ပေးလျက်ရှိသည်။

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည့် ကိုလံဘီယာနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းများခေါင်းထောင်လျက်ရှိသည်။ အနံ့ခံရာတွင် ထူးချွန်သည့် ယင်းခွေးကို သတ်ဖြတ်နိုင်သူအား ဒေါ်လာ ၁၀၀၀ ပေးမည်ဟု မူးယစ်ဆေးဝါးဂိုဏ်းများက ကြေညာခဲ့သည်။ ***အင်တာနက်။***

# တရားရုံးများသည် အမှုသည်များကို အနိုင်အရှုံး အဆုံးအဖြတ်ပေးရုံသာ မဟုတ်ဘဲ ဥပဒေ၏တန်ဖိုးနှင့် ဥပဒေ၏ စောင့်ရှောက်နိုင်အားကို နားလည်အောင် ပညာပေးနိုင်ရမှာဖြစ်

* ရှေ့ဖုံးမှ

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများ၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ပျဉ်းမနားခရိုင်အတွင်းရှိ တရားသူကြီးများ၊ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

## မှာကြား

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာတွင် နိုင်ငံတော်ကို ခေတ်သစ်စနစ်သစ်နှင့်အညီ ဘက်စုံပြုပြင်ပြောင်းလဲ တည်ဆောက်နေချိန်၌ မိမိတို့အားလုံးသည် ကျရာအခန်းကဏ္ဍ အသီးသီးမှနေ၍ တက်ညီလက်ညီ အတူတကွ ရုန်းကန်ကြိုးစား ထမ်းဆောင်လျက်ရှိကြရာ အချင်းချင်း အပြန်အလှန် စောင့်ရှောက်ထိန်းကျောင်းမှု၊ သွန်သင်ဆုံးမမှု၊ ကြပ်မတ်ကွပ်ကဲမှုတို့ဖြင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များ ပိုမိုထက်မြက် မှန်ကန်လာအောင်၊ ပြည်သူများကို ပိုမိုအကျိုးပြုလာနိုင်အောင် အမြဲပြုပြင်သွားကြရမှာပင် ဖြစ်ကြောင်း။

တရားစီရင်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသည့် တရားသူကြီးများနှင့် ဥပဒေအရာရှိများကိုလည်း ပြည်သူအားကိုးယုံကြည်သူများ ဖြစ်လာစေရန်အတွက် ဆောင်ရန်-ရှောင်ရန် အချက်များ၊ ပြုပြင်သင့်သည့် အချက်များကို မိမိအနေဖြင့် ၂၀၀၆ ခုနှစ်တုန်းကတစ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း။

## ပြုပြင်ပြောင်းလဲရန်လို

ယခု ၂၀၀၇ ခုနှစ်တွင် ထပ်မံပြီး ယခုကဲ့သို့ တွေ့ဆုံရသည့်အခါ၌ အကြောင်းအရာအရ အသစ်အဆန်း မဟုတ်သော်လည်း ပြည်သူများအကြား၌ အမြဲတမ်းပြော၍၊ ဝေဖန်၍မကုန်သည့် တရားရုံး အဆင့်ဆင့်အကြောင်း၊ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများ အကြောင်းကိုပင် ဝေဖန်ဆန်းစစ်၍ ပြုပြင် သတိထားသင့်သည်များကို ပြောကြားသွားမှာ ဖြစ်ကြောင်း၊ **အထူးသဖြင့် နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေရှိအောင် အုပ်ချုပ်ရေးအပိုင်းကို ပြုပြင်ပြောင်းလဲနေသည့်အချိန်၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများကိုလည်း ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်း၊ မသမာမှုများကို ဖော်ထုတ်အရေးယူခြင်း၊ ပြည်သူများ၏ ဝေဖန်တိုင်ကြားမှုများကို ဖိတ်ခေါ် လက်ခံခြင်းတို့ကို ပြုလုပ်နေသည့်အချိန်၊ ယင်းကဲ့သို့ အထွေထွေပြုပြင် ပြောင်းလဲမှုများ ပြုလုပ်နေချိန်၌ တရားရေးအပိုင်းကလည်း လိုက်လျောညီညွတ်စွာ အလိုက်သင့် အလျားသင့် ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဖြစ်ကြောင်း။**

တရားရေးအပိုင်းနှင့် စပ်လျဉ်းပြီး တရားဥပဒေ၏ တန်ဖိုးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ တရားရေးမဏ္ဍိုင်ကို တည့်မတ်ခိုင်မာအောင် ကြိုးစားကြရန်၊ တံစိုးသုံးပါးနှင့် အဂတိ လေးပါးတို့ကို မလိုက်စားရန် သူ့ခေတ်သူ့အခါအလျောက် တာဝန်ရှိသူ အဆက်ဆက်က လိုအပ်သလို ဆုံးမပြုပြင်ခဲ့ကြကြောင်း။

## ရေးသားဆုံးမခဲ့

မြန်မာပညာရှိ ဦးဘိုးလှိုင်က ရာဇဓမ္မသင်္ဂဟကျမ်းတွင် **"လောက၌ တရားကိုမစောင့်၊ မကျင့်ဘဲ၊ တရားကိုကင်း၍ ချမ်းသာတိုးပွားသောမည်သည် မရှိ၊ လောက၌ မည်သည့်အရပ် ဆုတ်ယုတ်ပျက်စီးသည်ဆိုလျှင်၊ ထိုအရပ်၌ ဧကန်တရားပျက်သည်၊ အကြင်အရပ်၌ တိုးပွားဖြစ်ထွန်းလျှင်၊ ထိုအရပ်၌ ဧကန်တရားရှိသည်"**ဟု ရေးသားဆုံးမခဲ့သည်ကို မှတ်သားခဲ့ဖူးကြောင်း။

ယင်းကဲ့သို့ မြန်မာပညာရှိအဆက်ဆက် ညွှန်ကြားတိုင်ပင်ဆုံးမမှုများကို အခြေခံပြီး မင်း၏အာဏာစက်ဖြင့် ပြဋ္ဌာန်း၍ ပြည်သူများ၏ ရှိသေလေးစား လိုက်နာမှုဖြင့် ထူထောင်ခဲ့သည့် **မြန်မာ့တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ တရားစုများမှာ ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံး၊ လျှောက်ထုံးများဖြင့် ပြည့်ပြည့်စုံစုံ သမိုင်းကြောင်းအရဖြစ်စေ၊ ဥပဒေကြောင်းအရဖြစ်စေ ကျောထောက်နောက်ခံ ခိုင်မာမှုရှိပြီးဖြစ်ကြောင်း။**

တရားဥပဒေသည် လူအချင်းချင်းဆက်ဆံရေး၊ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်ရေးကို ချောမွေ့ပြေပြစ်စေပြီး အများစိတ်ချမ်းသာရေးကို ကာကွယ်စောင့်ရှောက်နိုင်စွမ်း ရှိရမှာဖြစ်ကြောင်း၊ **တရားဥပဒေကို စောင့်ရှောက်သည့် တရားရုံးများသည် တရားရုံးကို ရောက်ရှိနေကြသော ပြည်သူများကို တရားနှင့်အညီ မှန်ကန်မျှတစွာ မစောင့်ရှောက်နိုင်ဘဲ ဖိစီးမှုပေးနေမည်ဆိုလျှင် ပြည့်မျက်စိ မဖြစ်နိုင်တော့ဘဲ၊ ပြည်သူမျက်မုန်းထိုးစရာ ဖြစ်စေမှာသာဖြစ်ကြောင်း။**

## မှန်ကန်မျှတစွာဖြေရှင်းကူညီ

တရားရုံးများသည် လူများ၏ လူမှုပြဿနာများကို တရားရုံးရှေ့မှောက်၌ တရားနှင့်အညီ မှန်ကန်မျှတစွာ ဖြေရှင်းကူညီနိုင်သည်နှင့်အမျှ တရားရုံးများ၏ ဂုဏ်သိက္ခာ မြင့်တက်လာမှာဖြစ်သည့်အပြင် လူ့ဘဝ၊ လူ့ပြဿနာ၏ ကြေးမုံပြင်အဖြစ်၊ တိုင်းပြည်၏မျက်စိအဖြစ် ပီပီပြင်ပြင် ပြည်သူအများက အသိအမှတ်ပြုလာကြမှာဖြစ်ကြောင်း။

ခေတ်ဟောင်းတရားရုံး၊ ခေတ်သစ်တရားရုံး၊ မည်သည့်တရားရုံးပင်ဖြစ်ဖြစ် တရားခွင်အဝန်းအဝိုင်းက ကျဉ်းသော်လည်း လူများ၏ပြဿနာကို အမှန်-အမှား ဖော်ထုတ်ပြီး တရားနည်းလမ်းတကျ ဖြေရှင်းပေးခြင်းဖြစ်သည့်အတွက် ပြည်သူအများ စိတ်ဝင်စားကြ၊ ဝေဖန်ဆန်းစစ်ကြစမြဲဖြစ်ကြောင်း။

## ဝေဖန်သံမျိုးစုံ

မည်သည့်အမှုကို ကျူးလွန်လျှင် မည်သို့သော ပြစ်ဒဏ်ထိုက်သည်၊ မည်သည့် တရားသူကြီးက မည်သို့ဖော်ထုတ်စီရင်သည်၊ လာဘ်စားသည်၊ ဘက်လိုက်သည်၊ ဟိန်းဟောက်သည်၊ မည်သည့်ရှေ့နေက မည်သည့်အမှုမျိုးဆိုလျှင် ပိုင်သည် စသည့် ဝေဖန်သံမျိုးစုံသည် တရားရုံးပြင်ပ၌ ပျံ့နှံ့နေခြင်းဖြစ်ကြောင်း၊ **ထို့ကြောင့် တရားစီရင်ရေးသည် အဝန်းအဝိုင်းကျဉ်းသော်လည်း ယင်း၏ အကျိုးသက်ရောက်မှုမှာ အလွန်ကျယ်ဝန်းကြောင်း။**

**ထို့ကြောင့် တရားရေးနှင့်ဆက်စပ်နေသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများ၊ ရဲအရာရှိများ၊ ရှေ့နေများသည် ပြည်သူများ၏ အကဲဖြတ် မှတ်ကျောက်တင်ခံနိုင်စွမ်း ရှိကြရမှာဖြစ်ကြောင်း၊ ပြည်သူတို့က လေးစားယုံကြည်ထိုက်သော သိက္ခာ၊ ကိုယ်ကျင့်တရားရှိနေအောင် အမြဲစောင့်ထိန်းထိုက်ကြောင်း။**

## မြော်မြင်နိုင်အားရှိရမှာဖြစ်

ယနေ့တိုင်းပြည်၏ အခြေအနေမှာ ခေတ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းနိုင်ရန်အတွက် ဘက်စုံကဏ္ဍစုံမှ ပြင်းပြင်းထန်ထန် အရှိန်ယူနေသည့်ကာလဖြစ်ကြောင်း၊ တရားရေးလုပ်ငန်း၊ ရဲလုပ်ငန်း၊ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော် တည်ဆောက်ထူထောင်ရေး လုပ်ငန်းများကို အဆက်အစပ်ရှိရှိ အမြင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်နိုင်ရမှာဖြစ်ကြောင်း၊ **မိမိဌာန၏ လုပ်ငန်းကိုသာ ကွက်ပြီး အလေးထားနေ၊ အာရုံစိုက်နေလျှင် လူ့အဖွဲ့အစည်းနှင့် ကင်းကွာသည့် အစွန်းရောက်မှုများ၊ ပြည်သူအပေါ် အလေးမထားမိခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး ဌာနစွဲစိတ်ဝင်သွားမှာ သေချာကြောင်း၊ လူနည်းစုကိုသာ အကျိုးပြုသော ကျဉ်းမြောင်းသည့် တရားရုံး ဗျူရိုကရေစီစိတ်ဓာတ်သည် ခေတ်သစ်စနစ်သစ်၏ ရေစီးကြောင်းနှင့် ဆန့်ကျင်စွာ ပေါ်ထွက်လာနိုင်သည်ကို တရားသူကြီးများသည် ပညာတတ်များပီပီ ခေတ်အမြင်၊ ခေတ်အတွေးဖြင့် မြော်မြင်နိုင်အားရှိရမှာ ဖြစ်ကြောင်း။**

တရားခွင်၏ ပြင်ပကို ကျယ်ကျယ်ပြန့်ပြန့် မျှော်ကြည့်နိုင်အားရှိကြရမှာဖြစ်ကြောင်း၊ တရားစီရင်ရေးဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခိုင်မြဲစေရမည်ဆိုသည့် ခံယူချက်ကို အရင်းတည်ကြရမှာဖြစ်ကြောင်း၊ ပြည်သူကိုအလုပ်အကျွေးပြုနိုင်အား ရှိရမှာဖြစ်ကြောင်း၊ မိမိတို့ဘဝနှင့် ပြည်သူ၏ဘဝကို ဆက်စပ်နိုင်ရမှာဖြစ်ကြောင်း၊ ထို့ပြင် တရားရုံးများသည် အမှုသည်များကို **အနိုင်အရှုံး အဆုံးအဖြတ်ပေးရန်သာ မဟုတ်ဘဲ ဥပဒေ၏ တန်ဖိုးနှင့် ဥပဒေ၏ စောင့်ရှောက်နိုင်အားကို နားလည်သိရှိအောင် ပညာပေးနိုင်ရမှာ ဖြစ်ကြောင်း၊ အမှန်အမှားကို ခွဲခြားဝေဖန်ပြီး အတတ်နိုင်ဆုံး တရားမျှတမှုနှင့် သင့်မြတ်မှုကိုပေးနိုင်မှသာ တရားရုံး၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မှာ ဖြစ်ကြောင်း။**

## ဥပဒေသည်ပြည်သူအတွက်

ဥပဒေသည် ပြည်သူများအတွက်ဖြစ်သကဲ့သို့ တရားရုံးများသည်လည်း ပြည်သူ့အတွက် ဖြစ်စေရမှာဖြစ်ကြောင်း၊ ပြည်သူက တရားဥပဒေကို လေးစားလိုက်နာ၊ တရားဥပဒေက ပြည်သူကို စောင့်ရှောက်ကာကွယ် စသည့် အပြန်အလှန်သဘောကို ပေါ်လွင်အောင် ပုံဖော်လုပ်ကိုင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ လုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း နိုင်ငံတော်၏ မူဝါဒများနှင့် တည်ဆဲတရားဥပဒေများကို မျှတအောင်၊ ညီညွတ်အောင် ချိန်ဆလုပ်ကိုင်သွားကြရန် အထူးလိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံရေးအမြင်နှင့် ဥပဒေရေးရာ အမြင်တို့ကို စနစ်တကျ ပေါင်းစပ်နိုင်ရန်ဖြစ်ကြောင်း၊ ပြည်သူနားမလည်နိုင်သော ဥပဒေအသုံးအနှုန်းများကို ကြီးကျယ်ခံ့ညားစွာ သုံးစွဲနေခြင်းသည် အစွန်းထွက်တစ်မျိုးဖြစ်သကဲ့သို့ ဥပဒေ၏ ပကတိသဘောကို ပစ်ပယ်ခြင်းသည်လည်း အစွန်းထွက်ခြင်းပင်ဖြစ်ကြောင်း။

## အလေးအနက်ထားတုံ့ပြန်

ထို့အတူ တရားရုံးများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ဆက်ဆံရေးအပိုင်း၌ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ရပ်ရွာအေးချမ်းသာယာရေး၊ တည်ငြိမ်ရေးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တရားစီရင်ရေး တည့်မတ်မှန်ကန်ရေးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တရားရုံးပတ်ဝန်းကျင်၌ အနိဋ္ဌာရုံမြင်ကွင်းများ ပပျောက်ရေးနှင့် စပ်လျဉ်း၍ဖြစ်စေ လိုအပ်ချက်များကို ညှိနှိုင်းဖော်ညွှန်းပေါင်းစပ်လာသည့်အခါ တရားရုံးများက အလေးအနက်ထားတုံ့ပြန်ခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ခြင်းတို့ကို ပြုလုပ်ရန် အရေးကြီးကြောင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခန့်အပ်တာဝန်ပေးထားသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်ကြောင်း၊ ယင်းအုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍကိုလည်း မှန်မှန်ကန်ကန် နားလည်ခံယူနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအချင်းချင်း အပြန်အလှန် စောင့်ရှောက်ထိန်းကျောင်းတတ်ရမှာဖြစ်ကြောင်း၊ ပညာရှိတရားသူကြီးများပီပီ ဆင်ခြင်တုံတရားဖြင့် သုံးသပ်ပြီး လွန်ကျူးမှုများ မဖြစ်ရအောင် သတိပြု လုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း။

အလားတူပင် အုပ်ချုပ်ရေးအဖွဲ့များက တရားစီရင်ရေး လုပ်ငန်းများ၌ အမှုတစ်မှုချင်းအလိုက် မည်သို့မည်ပုံ ဆုံးဖြတ်လုပ်ကိုင်ရန်အထိ စိတ်ဝင်စားနေခြင်းမျိုးသည်လည်း တရားစီရင်ရေးလုပ်ငန်းကို ဝင်ရောက်စိုးမိုး စွက်ဖက်ရာရောက်သည့် လွန်ကျူးမှုမျိုးဖြစ်ကြောင်း။

မည်သို့သော လွန်ကျူးမှုမျိုးမျှ မကောင်းသဖြင့် သတိပြုရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ **အရေးကြီးဆုံးမှာ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာပြီး မှန်မှန်ကန်ကန်၊ မြန်မြန်ထက်ထက် ၊တရားမျှတမှုရှိရှိ တရားစီရင်နိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းအထောက်အကူပြုမှုကို ရယူလုပ်ကိုင်သွားရန်ဖြစ်ကြောင်း။**

## ပကတိအတိုင်းထင်ဟပ်

**တရားရုံးများသည် ပြည်၏မျက်စိ၊ ပြည်၏ကြေးမုံများ ဖြစ်သည်နှင့်အညီ ပြည်သူများ၏ဘဝကို မှန်မှန်ကန်ကန်မြင်ရန်၊ စာနာရန်၊ ပြည်သူများ၏ ဘဝရုပ်သွင်ကို ပကတိအတိုင်း ထင်ဟပ်နိုင်ရန်ပင်ဖြစ်ကြောင်း။**

ယနေ့အချိန်အခါအထိ တရားစီရင်ရေးနှင့် စပ်လျဉ်းပြီး အမှုစွဲဆိုတင်ပို့သူတို့၏ အားနည်းမှု၊ ပျက်ကွက်မှု၊ တရားသူကြီးနှင့် ဥပဒေအရာရှိတို့၏ မလိမ္မာမှု၊ အကျင့်ပျက်မှုများအပေါ် တိုင်ကြားစာများ ရောက်ရှိနေဆဲဖြစ်ကြောင်း။

ခေတ်သစ်၊ စနစ်သစ်ကို အရှိန်အဟုန်ရှိရှိ ပြောင်းလဲနေချိန်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေချိန် ဖြစ်သည့်အတွက် တရားရေးစနစ်ကိုလည်း ပြည်သူများအားကိုးယုံကြည်သည့်စနစ် စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

☆ ဥပဒေသည် ပြည်သူများအတွက်ဖြစ်သကဲ့သို့ တရားရုံးများသည်လည်း ပြည်သူ့အတွက် ဖြစ်စေရမှာဖြစ်၊

☆ ပြည်သူက တရားဥပဒေကို လေးစားလိုက်နာ၊ တရားဥပဒေက ပြည်သူကို စောင့်ရှောက်ကာကွယ် စသည့် အပြန်အလှန်သဘောကို ပေါ်လွင်အောင် ပုံဖော်လုပ်ကိုင် ဆောင်ရွက်သွားကြရန်ဖြစ်၊

☆ လုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း နိုင်ငံတော်၏ မူဝါဒများနှင့် တည်ဆဲတရားဥပဒေများကို မျှတအောင်၊ ညီညွတ်အောင် ချိန်ဆလုပ်ကိုင်သွားကြရန် အထူးလိုအပ်၊

● စာမျက်နှာ ၃ မှ

ဖြစ်လာအောင် မိမိတို့ ပြုပြင်ထူထောင်သွားရမှာ ဖြစ်ကြောင်း၊ အားနည်းချက်၊ ချို့ယွင်းချက်များကို ယေဘုယျခြုံပြီး စိစစ်မည်ဆိုလျှင် စနစ်၊ ကျင့်ဝတ်၊ လုပ်ထုံးလုပ်နည်းတို့၏ မပြည့်စုံမှု၊ အားနည်းမှုများကြောင့် မဟုတ်ဘဲ လူပုဂ္ဂိုလ်ဆိုင်ရာ ချို့ယွင်းအားနည်းချက်များကြောင့် ဖြစ်နေသည်ကို တွေ့ရှိရကြောင်း။

သို့ရာတွင် အချို့သော အားနည်းချက်များမှာမူ ပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျင့်သိက္ခာနှင့်မဆိုင်ဘဲ လုပ်ငန်းဆိုင်ရာ မကျွမ်းကျင်မှု၊ မသေသပ်မှု၊ ပေါ့လျော့မှု၊ စည်းကမ်းမကျမှုတို့ ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အဆင့်ဆင့်သော တရားသူကြီးများနှင့် ဥပဒေဝန်ထမ်းများကို စနစ်တကျ သွန်သင်လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်မှာဖြစ်ကြောင်း၊ တရားသူကြီးများနှင့် ဥပဒေဝန်ထမ်းများ ကိုယ်တိုင်လည်း မိမိအဆင့်နှင့်လျော်ညီစွာ အရည်အချင်းပြည့်ဝအောင် ကျင့်ကြံပြောဆို နေထိုင်နိုင်အောင် စဉ်ဆက်မပြတ် လေ့လာပြုပြင်နေရမှာပင် ဖြစ်ကြောင်း။

တရားသူကြီးများက တရားခွင်ကို ဥပဒေနှင့်အညီ ပိုင်ပိုင်နိုင်နိုင် သိက္ခာရှိရှိ ထိန်းကျောင်းသွားရမှာ ဖြစ်သကဲ့သို့ ဥပဒေအရာထမ်းများကလည်း ဥပဒေများကို ပိုင်နိုင်တတ်သိ နားလည်ပြီး တရားခွင်ကိုရော၊ ပြည်သူကိုပါ စောင့်ရှောက်သွားရမှာ ဖြစ်ကြောင်း။

စစ်မှန်သော ဒီမိုကရေစီလူနေမှုဘဝနှင့်ကိုက်ညီသော အစဉ်အလာ အလေ့အထကောင်းသည့် တရားရေးစနစ်ကို အခြေခိုင်အောင် ကြိုးပမ်းထူထောင်သွားကြရမှာဖြစ်ကြောင်း။

### စီရင်ဆုံးဖြတ်ချက်များ

**ထို့အပြင် တရားရုံးများက ချမှတ်လိုက်သည့် စီရင်ဆုံးဖြတ်ချက်များသည် အဂတိလိုက်စားမှု ကင်းရှင်းသော စီရင်ဆုံးဖြတ်ချက်များဖြစ်ရန် မေတ္တာဖြင့်ယှဉ်သည့် သွန်သင်ဆုံးမမှုမျိုး၊ ပညာပေးမှုမျိုးဖြစ်ရန် အမြဲအလေးဂရုပြုသင့်ကြကြောင်း၊** ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှု ပြေငြိမ်းစေဆိုသည့် အခြေခံမှု ရှိသော်လည်း နိုင်ငံတော်နှင့် ပြည်သူကို ထိခိုက်စေသော၊ ကြီးလေးသည့် ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုများကိုမူ နောင်ကြဉ်အောင် ထိရောက်သည့်ပြစ်ဒဏ်ပေးကြရမှာပဲဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် တရားသူကြီးများနှင့် ဥပဒေဝန်ထမ်းများသည် နိုင်ငံတော်၏ တရားဥပဒေများနှင့် တရားရုံးများကို ကိုယ်စားပြုသူများ ဖြစ်သည့်အတွက် သည်းခံခြင်း၊ ချိုသာခြင်း၊ မျှတခြင်း၊ ဒေါသကို သိမ်းဆည်းနိုင်ခြင်း၊ ဆင်ခြင်နိုင်အားရှိခြင်း၊ အမှန်တရားကို ဖော်ထုတ်နိုင်ခြင်းတို့ဖြင့် မိမိတို့အဖွဲ့အစည်းများ၏ သိက္ခာမြင့်မားမှုကို စောင့်ထိန်းသွားကြရန်။ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များ၏ ကူညီစောင့်ရှောက်မှုကို ခံယူ၍ တရားဥပဒေများကို စောင့်ရှောက်ထိန်းသိမ်းရသော အခြားတာဝန်ရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူများကို ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်သွားကြရန်။ တရားဥပဒေစိုးမိုးမှုကို ထိရောက်ခိုင်မြဲအောင် ထူထောင်ကြရန်။ နိုင်ငံတော်၏မူဝါဒနှင့် လုပ်ငန်းစဉ်ကို နားလည်ခံယူပြီး နိုင်ငံတော်ကို ဝိုင်းဝန်းပြုပြင်တည်ဆောက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ပြည်နယ်/တိုင်း တရားသူကြီးများ၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၊ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၆-၂-၂၀၀၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**(မေတ္တာသုတ်)
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ **နှောင်းခေတ်တေးပဒေသာ**
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go. (Episode-9)
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၄၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄:၅၅ ၅။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၀၅ ၆။ **“တန်ဖိုး” (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ–သက်တင်)**
- ၅:၁၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၂၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၅:၄၅ ၉။ စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၄၉)**
- ၆:၅၀ ၁၃။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ညီမငယ်ပါသေး” (အပိုင်း–၁၄)**
- ၇:၄၅ ၁၅။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၂၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင်များ၏ “ရွှေတိဂုံထီးတော်ရိပ်မှ မြန်မာနိုင်ငံ” အကြောင်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး လေ့လာရေးခရီးထွက်

ရန်ကုန် ဖေဖော်ဝါရီ ၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် ဆရာမကြီး ဒေါက်တာမတင်ဝင်းတို့ ဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးရေးရာသက်ငယ်အဖွဲ့ဝင် ၇၀ တို့သည် “ရွှေတိဂုံထီးတော်ရိပ်မှ မြန်မာနိုင်ငံ” ခေါင်းစဉ်ဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး လေ့လာရေးခရီးအဖြစ် ယနေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိလေ့လာကြသည်။**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ သက်ငယ်အဖွဲ့ဝင်များ စဉ့်ကူမင်းခေါင်းလောင်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တပ်နယ်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးစိုးမင်းဆွေက သူရဲကောင်း စစ်သည်ဗိမာန် တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် သူရဲကောင်းစစ်သည်ဗိမာန်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆရာမကြီး ဒေါက်တာမတင်ဝင်းက မှန်ကန်စွာ အလေးပြုပုံနည်းစနစ်ကို ရှင်းလင်းပြသခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက ဂုဏ်ပြုပန်းခြင်းများဖြင့် ဦးညွှတ်အလေးပြုကြသည်။

ထို့နောက် ဆရာမကြီး ဒေါက်တာမတင်ဝင်းက ယခုလို လေ့လာရေးခရီးထွက်ရခြင်းသည် ပတ်ဝန်းကျင်ကို ခံစားနိုင်ရန်နှင့် လူငယ်များ၏ စိတ်ထဲ၌ မျိုးချစ်စိတ်ဓာတ် ကိန်းအောင်းလာစေရန်၊ ဖူးပွင့်လာစေရန်၊ ရှိနှင့်ပြီးသား မျိုးချစ်စိတ်ဓာတ်ကိုလည်း နှိုးဆော်ပေးရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် လေ့လာရေးခရီး ထွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သူရဲကောင်းစစ်သည်ဗိမာန်ပတ်ဝန်းကျင်၏ ရာဇဝင်၊ ရွှေတိဂုံစေတီတော် ပတ်ဝန်းကျင် တစ်ဝိုက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်၊ သွေးဆေးကန် ဖြစ်ပေါ်လာရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သွေးဆေးကန်သို့ သွားရောက်၍ လေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်မှ တက်ကြပြီး ရာဟုထောင့်ရှိ ရွှေတိဂုံကုန်းတော်ကို ခံတပ်ပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ လက်တွေ့ပြသရှင်းလင်းသည်။ ဆက်လက်၍ ပုံတော်စေတီအား လေ့လာကြည့်ရှုကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင်သို့ တက်ရောက်ကာ စဉ့်ကူမင်းခေါင်းလောင်း တန်ဆောင်း၌ တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်ပူဇော်၍ ဆံတော်တွင်းအကြောင်း၊ သာယာဝတီမင်း ခေါင်းလောင်းအကြောင်း၊ အရံစေတီတော်များအကြောင်း၊ ဘိလပ်ပြန် မတ်ရုပ်ရုပ်ပွားတော်အကြောင်းများကို တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်တန်ဆောင်း၊ ရွှေဂုဏ်မြင့် တန်ဆောင်းနှင့် နှစ်ပြားတန်ဆောင်းများရှိ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ပန်းဆွဲ၊ သစ်ထွင်းပန်းချီ ရုပ်တု၊ ကနုတ်လက်ရာများဖြင့် ပုံဖော်ထားသည့် သမိုင်းရာဇဝင်များ၊ ယွန်းတန်ဆောင်း၊ ရွှေပြာသာဒ်တန်ဆောင်းများ အကြောင်းကို တာဝန်ရှိသူတို့က အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးငယ်ရွယ် အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ရွှေတိဂုံစေတီ ရင်ပြင်တော်မှ နံနက် ၁၁နာရီခွဲတွင် လေ့လာရေးအစီအစဉ် ပြီးဆုံးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၁) အင်းစိန် ဘက်စုံပြပွဲပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

အင်းစိန် အထက(၁) မိဘဆရာအသင်း၊ အမှုဆောင်အဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းတွင်းသန့်ရှင်းသာယာလှပစေရေး တွေ့ဆုံညှိနှိုင်းပွဲကို ဇန်နဝါရီ ၁၂ ရက်က ကွန်ပျူတာခန်းမ၌ ကျင်းပရာ သဘာပတိ မိဘဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟုတ်စွန်တို့က အမှာစကားပြောကြားကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)က ကျောင်းတွင်း ပြုပြင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် အလှူငွေရရှိရေး အခြေအနေများ တင်ပြရာ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက ဆွေးနွေးအကြံပေးကြသည်။

အင်းစိန် အထက(၁) သန့်စင်ခန်းများကို နွေရာသီ ကျောင်းပိတ်ရက်၌ အသစ်ပြုလုပ်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာကြီး ဖုန်း–၆၄၀၀၄၃၊ ဦးမြင့်စိုး ဖုန်း–၀၉၈၀၂၄၂၆၂၊ ဦးအေးသိန်း ဖုန်း–၆၄၂၇၁၅၊ ဦးထိန်ဝင်း ဖုန်း–၆၄၄၅၂၁၊ ဦးသန်းအောင် ဖုန်း–၆၄၂၁၄၈၊ ဦးစံချိန်း ဖုန်း–၆၄၁၈၆၂ နှင့် အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၁)





**ကမာရွတ်မြို့နယ် ၂၀၀၆–၂၀၀၇ ခုနှစ် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်က အထက(၂) ကမာရွတ် တေဇခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမောင်ချစ်က ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဦးမျိုးဝင်းအား စီမံထူးချွန်ဆု ပေးအပ်စဉ်။** (ပညာရေး)

## တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၀၇ခုနှစ် (၃၃)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်နှင့် (၉)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတို့ကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၄ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲမှ ၂၀၀၇ ခုနှစ်အတွက် တစ်နှစ်တာ အမျိုးသမီး၊ အမျိုးသား တံခွန်စိုက်ချန်ပီယံနှင့် ပဏာမမြန်မာ့လက်ရွေးစင်တို့ကို ရွေးချယ်သွားမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသား၊ အမျိုးသမီး အားကစားသမားများသည် ဖေဖော်ဝါရီ ၁၇ ရက်နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းရန်နှင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပမည့် (Players Meeting) သို့ မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပျဉ်းမနား–မြို့ဟောင်း(မန္တလေး)ရထားလမ်း ဒွေးလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ရထားတံတားများတည်ဆောက်ပြီးစီးမှု၊ သံလမ်းခင်းကျင်းပြီးစီးမှုများကြည့်ရှု ထုံးဘို–မြစ်ငယ်ဖြတ်လမ်း(ဒွေးလမ်း)နှင့် ဧရာဝတီတံတား(ရတနာပုံ) စီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရထားဖြင့်ထွက်ခွာလာကြပြီး ပျဉ်းမနား–မန္တလေးလမ်းတစ်လျှောက် ပျဉ်းမနား–မြို့ဟောင်း(မန္တလေး) အရှည် ၁၅၇ဒသမ ၇၅ မိုင် ရထားလမ်း ဒွေးလမ်းဖောက်လုပ်ပြီးစီးမှုနှင့် ရထားတံတားများ တည်ဆောက်ပြီးစီးမှု၊ ရထားသံလမ်း ခင်းကျင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၄ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တိုင်းစစ်ဌာနချုပ် နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်တွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ တပ်ဖွဲ့ဝင်မိသားစုများ သက်သာချောင်ချိရေးဆိုင်ရာများနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

## ထုံးဘို–မြစ်ငယ်ဖြတ်လမ်း

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထုံးဘို–မြစ်ငယ်ဖြတ်လမ်း(ဒွေးလမ်း) ဖောက်လုပ်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ထုံးဘို–မြစ်ငယ်ဖြတ်လမ်း(ဒွေးလမ်း)မှာ အရှည် ၉မိုင် ၃ဖာလုံရှိ ၁၈ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

## ဧရာဝတီတံတား (ရတနာပုံ)

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး တံတားကြီး၏ မန္တလေးဘက်ခြမ်း ချဉ်းကပ်လမ်းမပေါ်၌ လမ်းဆုံအဝိုင်း တည်ဆောက်နေမှုကိုလည်းကောင်း၊ ပင်မတံတားချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဧရာဝတီတံတား (ရတနာပုံ)ပင်မတံတားကြီးပေါ်၌ နိုင်လွန်ကတ္တရာခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မတံတားကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်း၌ ချဉ်းကပ်လမ်း ကျောက်ခင်းနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး အရှည် ၃၆၉၄ ပေ ရှိသည်။ယာဉ်သွားလမ်းအကျယ် ၄၉ပေ၊လေးလမ်းသွားကားလမ်းနှင့် လူသွားလမ်း အကျယ်ခြောက်ပေစီရှိသည်။ ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၇၀၀ ရှိသည်။ ထို့ပြင် ချဉ်းကပ်တံတားများ၏ အရှည် စုစုပေါင်းပေ ၁၉၂၀ ရှိကြောင်း သိရသည်။

ယခုအခါ ဧရာဝတီတံတား(ရတနာပုံ)၏တည်ဆောက်ရေး စီမံကိန်းအနေဖြင့် ပင်မတံတား တည်ဆောက်မှု၊ တံတားချဉ်းကပ်လမ်းများ တည်ဆောက်မှု လုပ်ငန်းများအပါအဝင် စီမံကိန်းတစ်ခုလုံး၏ ၇၈ ဒသမ ၆ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆–၂–၂၀၀၇ (အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် | ၁၀း၄၀ | လက်ဖက်စိုက်တဲ့ရွာကလေး |
| ၇း၀၅ | အသေလှတဲ့သူတရားတော် (အပိုင်း–၂)(အရှင်ဆန္ဒာဓိက) | ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | Music Gallery (ရှင်ဖုန်း–ရင်ခုန်မိသူစီးရီးအကြောင်း) | ၁၁း၀၀ | ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်(အပိုင်း–၂) |
| ၈း၃၅ | ဘုရားဖူးကာလေ့လာ ကုသိုလ်တော်ယူမှာ | ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ဂုဏ်ယူစရာ လက်မှုအတတ်ပညာ | ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၀ | ပြည်တွင်းသတင်းအကျဉ်း | ၁၁း၄၅ | ကောင်းခြင်းဝေဖြာ (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး) [ဒါရိုက်တာ–ကိုအောင်မိုး(ပဲရစ်)] |
| ၉း၁၀ | တေးဂီတအစီအစဉ် | ၁၂း၀၅ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (စိုးလှိုင်ဦး၊ ရတနာခင်) |
| ၉း၁၅ | ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် ဘောလုံးခြေစစ်ပွဲ မြန်မာအသင်း လေ့ကျင့်ပြင်ဆင်မှုများ | ၁၂း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၀ | နိုင်ငံတကာသတင်းအကျဉ်း | ၁၂း၂၅ | ဘေးမဲ့တောလေး တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၉း၃၅ | ကချင်ရိုးရာဝတ်စားဆင်ယင်မှု | | |
| ၉း၄၀ | တေးဂီတအစီအစဉ် | ၁၂း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၅ | Sunday Talk | ၁၂း၄၀ | ခဲမဟုတ်တဲ့ ခဲတံ |
| ၁၀း၃၅ | မိုးလေဝသခန့်မှန်းချက် | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**International Friendly England U 21 ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၅ | England - Spain | 5-Sports(Live) |

# အသည်းရောဂါနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာ ဆေးပညာဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

အသည်းရောဂါနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာ ဆေးပညာဟောပြောပွဲကို ဇန်နဝါရီ၂၈ရက် ညနေ ၆နာရီတွင် မန္တလေးမြို့ Oriental House၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ စင်ကာပူသမ္မတနိုင်ငံ Parkway Group Health Care Pte Ltd,မှ အသည်းအစားထိုး ခွဲစိတ်အထူးကုဆရာဝန် Dato Dr. Tan Kai Chahနှင့် အဖွဲ့ဝင်များ၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အသည်းရောဂါဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာသံစစ်နှင့် မန္တလေးမြို့ပေါ်ရှိ အထူးကုဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသည်းရောဂါဌာန ပါမောက္ခဌာနမှူး ဒေါက်တာသံစစ်က အသည်းရောဂါနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် စင်ကာပူသမ္မတနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်အထူးကုဆရာဝန် Dato Dr. Tan Kai Chah က အသည်းရောဂါနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး **(အပေါ်ယာပုံ)** တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားသည်။

## ဆက်သွယ်နိုင်

အသည်းရောဂါနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက Parkway Group Health Care Information Center, အမှတ်(၄၄) လသာလမ်း ရန်ကုန်မြို့ ဖုန်း–၀၉ ၅၁၃၁၅၁၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



# စတုဘုမ္မိက တရားစခန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် မော်ဘီကျေးရွာ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက် ဆရာတော် ဦးစန္ဒောဘာသက ရွှေမင်းဝံ ငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၁၃ရက် ညနေတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ ၎င်းနေ့ညနေ ၃နာရီ လာရောက်ကြရန်နှင့် ညစဉ် ၇နာရီမှစ၍ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

# စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးမှာ နိုင်ငံသူနိုင်ငံသားအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ် ဗဟုသုတကြွယ်ဝသည့်အပြင် ကောင်းဆိုးမှန်မှား နှိုင်းဆနိုင်သည့် တွေးခေါ်မြော်မြင်မှု မြင့်မားရန်လို

➪ ကျောဖုံးမှ
တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနှင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရအောင် နယ်ပယ်ကဏ္ဍစုံမှာ ဖြန့်ကြက်ပြီး စနစ်တကျဖြင့် အစီအစဉ်ရှိရှိ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ဆရာ၊ ဆရာမများအားလုံး သိရှိကြပြီးဖြစ်ကြောင်း။

ယင်းသို့ မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သာမန်အားထုတ်ဆောင်ရွက်မှုမျှသာမဟုတ်ဘဲ အဘက်ဘက်က ဖွံ့ဖြိုးမှုနောက်ကျနေသည့်အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးကအစ ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံအဆောက်အအုံများ ကင်းမဲ့နေသည့် အခြေအနေ၊ စီးပွားရေး၊ ဘဏ္ဍာရေးချည့်နဲ့နေသည့်အခြေအနေမှ ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် စတင်ရရှိလာသည်အထိ ဆယ်စုနှစ်တစ်နှစ်ကျော် နေ့မအား/ညမနား ကြိုးစားဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုယိုယွင်းပြီး လက်နက်ကိုင်ဆန့်ကျင်မှုများရှိနေခဲ့ခြင်းကြောင့် ကျေးရွာသာသာအဆင့်က မတိုးတက်ခဲ့ရသည့် နယ်စပ်ဒေသများတွင် ယနေ့တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်ထွန်းပြီး နယ်မြေဒေသ အေးချမ်းသာယာမှုနှင့်အတူ ခေတ်မီမြို့ကြီးပြကြီးများ ပေါ်ထွန်းလာခဲ့သည့် အခြေအနေရောက်အောင် အနှောင့်အယှက်အတားအဆီး သွေးခွဲသပ်လျှိုမှုအဖုံဖုံကို ဖြတ်သန်းကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် **ယနေ့ရရှိနေသည့် အောင်မြင်တိုးတက်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများမှာ သာမန်ကြိုးစားအားထုတ်မှုမျှဖြင့် ရရှိလာခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးကိုအခြေခံသော မူဝါဒ၊ အမြော်အမြင်ကြီးမားသော ခေါင်းဆောင်မှု၊ အနာဂတ်ကိုမျှော်မှန်းသောလုပ်ငန်းစဉ်များ၏ ပြည့်စုံမှန်ကန်မှုနှင့်တကွ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများပေါင်းစည်းပြီး ရရှိဖြစ်ထွန်းလာခဲ့သည့် အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်ဆိုသည်ကို မမေ့မလျော့ သတိပြုကြရန်လိုကြောင်း။**

နိုင်ငံတော်ကြီး ယနေ့အခြေအနေရောက်အောင် ဖွံ့ဖြိုးတိုးတက်အောင်မြင်ဖြစ်ထွန်းနေပြီဆိုသော်လည်း ရှေ့ဆက်ဆောင်ရွက်ဖွယ်လုပ်ငန်းများစွာ ကျန်ရှိပါသေးကြောင်း၊ ရရှိဖြစ်ထွန်းနေသည့် အောင်မြင်တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ပြီး တိုင်းရင်းသားလူမျိုးများအားလုံး၊ နိုင်ငံသူ နိုင်ငံသားအားလုံး၏ စုစည်းညီညွတ်သည့်စွမ်းအားဖြင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရဦးမည်ဖြစ်ကြောင်း။

**အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မှန်းဆရှုမြင်ပုံဖော်ကြည့်ရှုနိုင်နေပြီဖြစ်သည့် ယနေ့အချိန်အခါတွင် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာသည်အထိ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုပါသေးကြောင်း။**



ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်နှင့်အမျှ တစ်ချိန်တည်းမှာပင် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးနှင့်ထိုက်တန်သည့် အခြေခံကောင်းများ၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေးအတွက် အာမခံနိုင်မည့်အခြေခံကောင်းများ နိုင်ငံတော်အတွင်းမှာ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရအောင် ကြိုတင်တည်ဆောက်ထားကြရဦးမှာဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန်နှင့် အရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် နိုင်စေရန်ဆိုရာတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများ၊ တိုင်းရင်းသားပြည်သူများ၏ အသိဉာဏ်ပညာ ပြည့်စုံမြင့်မားမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာ တည်ရှိနေစေရန်လိုအပ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး အခြေခံကောင်းများ ဖြစ်ထွန်းနေစေရန်အတွက် နိုင်ငံတော်အစိုးရအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အစဉ်ထာဝရခိုင်မြဲနေအောင်၊ နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းအားဖြင့် ရရှိထားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုမြဲမြဲခိုင်မာစေရအောင် တည်ဆောက်ပေးရင်း တည်ငြိမ်အေးချမ်းသာယာမှုအခြေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိကြောင်း။

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်အတွက်လည်း နိုင်ငံတော်၏ အခြေခံအကျဆုံး စီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးမှု အပါအဝင် စိုက်ဧကတိုးချဲ့မှု၊ သီးနှံအထွက်နှုန်း တိုးမြှင့်ပေးမှု၊ သီးနှံစိုက်စွမ်းအားမြှင့်တင်မှု၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးမှု၊ စက်မှုလယ်ယာစနစ်ဖြစ်ထွန်းလာအောင် ကူညီအားပေးမှု စသည့် အားပေးပံ့ပိုးမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တစ်ဖက်တွင်လည်း စက်မှုဇုန်များထူထောင်ပေးပြီး တိုင်းရင်းသားစက်မှုလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် အားပေးဆောင်ရွက်နေသည်များ၊ နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေသည်များ၊ နိုင်ငံတော်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ် ဆောင်ရွက်ပေးနေသည်များ စသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး အစီအမံများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဆက်တည်းမှာပင် ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာလာစေရအောင် အားပေးဆောင်ရွက်ရင်း ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကို ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နိုင်ငံတော်အစိုးရအပိုင်းက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဓိကအားဖြင့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်နှင့် အမျိုးသားစီးပွားရေးဘဝ ဖန်တီးနိုင်မှုစွမ်းအားကို နိုင်ငံတော်နှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏လက်ဝယ်တွင်ရှိစေရန် နိုင်ငံတော်အစိုးရက အားပေးကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

**နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းသာယာမှု၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှု အခြေခံကောင်းများဖြစ်ထွန်းလာစေရန်နှင့် အစဉ်ထာဝရတည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရန်အတွက် နိုင်ငံသူနိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံမှုတို့မှာ ပင်မလိုအပ်ချက်ဖြစ်နေကြောင်း။**

**အထူးသဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးမှာ နိုင်ငံသူနိုင်ငံသားများအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ် ဗဟုသုတကြွယ်ဝသည့်အပြင် ကောင်းဆိုးမှန်မှား နှိုင်းဆချင့်ချိန်နိုင်သည့် တွေးခေါ်မြော်မြင်မှုစွမ်းအားလည်း မြင့်မားစေရန်လိုအပ်မှာဖြစ်ကြောင်း။**

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး ရည်မှန်းချက်ကိုချမှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသအသီးသီးတွင် ပညာရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရအောင်၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ပညာစွမ်းအားဖြင့်ပြည့်စုံသောနိုင်ငံ(Educated Nation)ဖြစ်လာစေရအောင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပဲဖြစ်ကြောင်း။

နယ်စပ်အစွန်အဖျားဒေသများတွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားနေခဲ့စဉ်ကာလများက ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် ပညာသင်ယူနိုင်မှုအခွင့်အလမ်း များဆုံးရှုံးခဲ့ရသကဲ့သို့ ပညာရေးအဆင့်အတန်းနိမ့်ကျလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးမှုမှာလည်း နိမ့်ကျလာခဲ့ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေခံများ ပိုမိုပျက်ယွင်းလာခဲ့ရသည့် သံသရာထဲက ရုန်းမထွက် နိုင်သည့်အခြေအနေမျိုးဖြစ်နေခဲ့ရကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မှန်းဆရှုမြင်ပုံဖော်ကြည့်ရှုနိုင်နေပြီဖြစ်သည့် ယနေ့အချိန်အခါတွင် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာသည်အထိ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လို။

❒ စာမျက်နှာ ၆ မှ

ထို့ကြောင့် မိမိတို့တပ်မတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး၏နယ်မြေဒေသအနှံ့၌စာသင်ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖြန့်ကြက်ထူထောင်ပေးရင်း ဒေသအသီးသီးမှာ ပညာရေးအခြေခံများ မျှမျှတတဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ပြည်နယ်၊တိုင်းအသီးသီး၏ အချက်အခြာကျသည့်ဒေသများကို အခြေပြုထားသော ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တစ်ခုစီကို မဖြစ်မနေ ထည့်သွင်းတည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဒေသခံလူငယ်များအဆင့်မြင့်ပညာရပ်များကို အဆင့်ဆင့်သင်ယူပြီးမြောက်လာသည်နှင့်တစ်ပြေးညီ ဒီဂရီကောလိပ်များ၊ နည်းပညာကောလိပ်များ၊ ကွန်ပျူတာကောလိပ်များကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးခဲ့ရာတွင် ယခုနှစ် ဇန်နဝါရီလအတွင်းမှာပင် နောက်ဆုံးတိုးမြှင့်ရန်ကျန်နေသည့် ဝိဇ္ဇာ/သိပ္ပံကောလိပ် သုံးခုနှင့် နည်းပညာကောလိပ်အားလုံး၊ ကွန်ပျူတာကောလိပ်အားလုံးတို့ကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ဆိုလျှင်ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့တည်ရှိနေပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍမှာဆိုလျှင်လည်းဖွံ့ဖြိုးရေးဒေသကြီးတိုင်းတွင် ခုတင်၂၀၀ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံ ထည့်သွင်းထူထောင်ပြီး ဒေသအသီးသီး၏ ပညာရေး၊ ကျန်းမာရေးအခြေခံများ ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးနေကြောင်း။

မြို့နယ်အဆင့်တွင် အနည်းဆုံး ၂၅ ခုတင်ဆံ့ ဆေးရုံသို့မဟုတ် ခုတင်၅၀ဆံ့ ဆေးရုံတစ်ရုံစီ ရှိစေသည့်အပြင် ခုတင်၃၀၀ဆံ့အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများကို တစ်နိုင်ငံလုံးတွင် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ခရိုင်ဆေးရုံကြီးနှင့်အထက် ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ပြည့်စုံစေရအောင် ဖြည့်တင်းပေးလျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍတစ်ခုလုံးတွင် နိုင်ငံတကာမှာဖြစ်ထွန်းနေသည့် ကျန်းမာရေးဆိုင်ရာ နည်းပညာများ၊ ခေတ်မီပစ္စည်းကိရိယာများအသုံးပြုနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မြင့်မားမား (High Performance) ပေးနိုင်စေရအောင် စီမံဆောင်ရွက်ပေးနေကြောင်း။

လိုအပ်သည့် ဆရာဝန်များ၊ သမားတော်များ၊ ကျန်းမာရေးဆိုင်ရာပညာရှင်များ အရည်အသွေးမြင့်မြင့်မားမားနှင့် လုံလုံလောက်လောက် တိုးမြှင့်မွေးထုတ်ပေးနိုင်စေရန် ဆေးတက္ကသိုလ်များ၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်များ၊ ဆေးဘက်ပညာသည် တက္ကသိုလ်များ၊သူနာပြုတက္ကသိုလ်များ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် ဆေးသိပ္ပံပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲများကျင်းပပြီး သင်ရိုးညွှန်းတမ်းများကိုလည်း အဆင့်မြှင့်တင်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့နိုင်ငံတော်တွင်လိုအပ်နေသည့် ဆရာဝန်များ၊ သမားတော်ကြီးများ၊ ဆေးသိပ္ပံဆိုင်ရာ ပညာရှင်များကို တိုးမြှင့်မွေးထုတ်ပေးနိုင်လျက် ရှိနေပြီဖြစ်ကြောင်း။

ဤသို့ ဒေသစုံ၊ အလွှာစုံ၊ ပညာရပ်နယ်ပယ်စုံ၊ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံတို့တွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ထွန်းကားပြန့်ပွားအောင် အရည်အသွေးမြင့်မားသည့် အသိပညာရှင်အတတ်ပညာရှင်များ ပေါ်ထွန်းနေစေရအောင် ရည်မှန်းချက်ရှိရှိ ပြုစုပျိုးထောင်ပေးနိုင်မှသာ ထုထည်ပမာဏကြီးမားကျယ်ပြန့်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ် စွမ်းအားစုကြီးကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ဒေသမရွေး၊ လူမျိုးဘာသာမရွေး၊ လူတန်းစားမရွေး ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိလာအောင်၊ အဆင့်မြင့်ပညာသင်ယူခွင့်၊ လိုအပ်သည့်ပညာရွေးချယ်သင်ယူနိုင်ခွင့် အခွင့်အလမ်းများရရှိလာအောင်နှင့် ဒီလိုသင်ယူနိုင်သည့်စွမ်းရည်၊ လိုအပ်သည့်အခြေခံအဆောက်အအုံများနှင့် ပြည့်စုံစေရအောင် စီမံဖန်တီးပေးနေခြင်းပင်ဖြစ်ကြောင်း။

ကျေးလက်ဒေသများမှာရှိသည့် အခြေခံပညာမူလတန်းကျောင်းများက စတင်ပြီး အဆင့်မြင့်တက္ကသိုလ်ကြီးများအထိ ဆိုင်ရာဆိုင်ရာအဆင့်အလိုက် ထိုက်တန်သည့် ပညာရည်အဆင့်အတန်းရှိနေမှသာ နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်/ကောလိပ် ဆရာ၊ ဆရာမများအပါအဝင် ပညာရေးကဏ္ဍ၌ ပါဝင်ပတ်သက်နေသူများအားလုံးက ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အကျိုးရှိထိရောက်စွာအသုံးပြုပြီး အဆင့်မြင့်ပညာရပ်များ၏ အထောက်အကူဖြင့် ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကိုမြှင့်တင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများမှာ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလျက်ရှိသည့်အတွက် မိမိနိုင်ငံ မိမိလူမျိုး အောင်မြင်တိုးတက်ကြီးပွားရေးအတွက် ကြိုးစားဆောင်ရွက်ကြရာတွင် သာမန်အားထုတ်မှုမျှဖြင့် မလုံလောက်တော့ဘဲ နိုင်ငံတကာမှာ ဖြစ်ထွန်းနေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီရယူပြီး မိမိနိုင်ငံ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်စေရန် လိုအပ်လျက်ရှိကြောင်း။

မိမိနိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ ထက်မြက်သည့်မျိုးရိုးဗီဇ၊ မြင့်မားသည့်ဉာဏ်ရည်ဉာဏ်သွေးနှင့် ခိုင်မာသည့်စိတ်ဓာတ်အခြေခံတို့ကို ခေတ်မီသိပ္ပံနည်းပညာရပ်များနှင့် ပေါင်းစည်းပြီး နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် အမီလိုက်ပါနိုင်ရန် ရည်မှန်းချက်ရှိရှိ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ကျောင်းသူကျောင်းသား လူငယ်များအပါအဝင် မိမိတို့နိုင်ငံသူနိုင်ငံသားများမှာ မိမိနိုင်ငံ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးသည့်စိတ်ဓာတ်၊မိမိနိုင်ငံ မိမိလူမျိုးအပေါ် လေးစားဂုဏ်ယူသည့်စိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားနေပါမှ မိမိနိုင်ငံ မိမိကြိုးပမ်းတည်ထောင်နိုင်မှာဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်တို့ အမြဲထာဝရရှင်သန်ထက်မြက်နေမှသာလျှင် မိမိနိုင်ငံ မိမိလူမျိုး အောင်မြင်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နိုင်ကြမှာဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းနေထိုင်ရာ နိုင်ငံတော်ကြီးအတွက် မိမိနိုင်ငံသူနိုင်ငံသားများအကြား

## နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရတပေါင်းတစည်းတည်း ဖြစ်ထွန်းနေစေရန်လည်း အရေးကြီးကြောင်း။

ထို့အတွက် ဆရာဆရာမများအားလုံးက မိမိတို့၏ တပည့်ကျောင်းသူကျောင်းသားလူငယ်များကို ပြည်ထောင်စုကြီးကို ချစ်ခင်မြတ်နိုးသည့်စိတ်ဓာတ်နှင့် ပညာအရည်အသွေးတို့ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရရှိစေရန် ကြိုးစားလုပ်ဆောင်နေကြသည့် အဖျက်သမားအုပ်စုသည် မျိုးဆက်သစ်လူငယ်များကို ပြည်ပအားကိုးစိတ်သွတ်သွင်းပြီး အမျိုးသားရေးစိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန်စိတ်ဓာတ် လျော့ပါးအားနည်းအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်ပျက်ပြားအောင်လည်း လူမျိုးရေးသွေးခွဲသပ်လျှိုမှုများကို လုပ်ဆောင်လျက်ရှိနေကြကြောင်း။

မြန်မာ့နိုင်ငံရေးသမိုင်းကိုပြန်ကြည့်လျှင် ပြည်ပအားကိုးစိတ် လွန်ကဲပြီး ပြည်ပကချမှတ်ပေးသည့် မဟာဗျူဟာနည်းဗျူဟာများကို မျက်စိမှိတ်လိုက်နာကျင့်သုံးကြသည့်အတွက် နောက်ဆုံးမှာ ပျက်စီးဆုံးရှုံး ကျဆုံးသွားကြရတဲ့ဖြစ်စဉ်များ ရှိခဲ့ကြောင်း။

ပြည်ပကချမှတ်ပေးသည့်လမ်းစဉ်၊ ပြည်ပကချမှတ်ပေးထားသည့်နည်းနာတို့ကို တစ်ယူသန်ကျင့်သုံးပြီး ပြည်တွင်းက ပကတိအခြေအနေများနှင့်မကိုက်ညီသည့် တိုင်းတစ်ပါးနှုန်းစံ တိုင်းတစ်ပါးအမူအကျင့်များကို နိုင်ငံအတွင်း ဇွတ်အတင်းရိုက်သွင်းရန် ကြိုးစားကြရာက ဂိုဏ်းဂဏစွဲ၊ အယူဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ဒေသစွဲ၊လူမျိုးစွဲအစွန်းရောက်နေသည့်စိတ်ဓာတ်များကြီးစိုးလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲမှုများ၊ လက်နက်ကိုင်ဆန့်ကျင်မှုများ၊ နိုင်ငံရေးပါတီတစ်ခုအတွင်းမှာပင် အစိတ်စိတ်ပြိုကွဲမှုများ၊ အကြမ်းဖက်မှုများ၊ နိုင်ငံတော် မတည်ငြိမ်မအေးချမ်းမှုများ ဆက်တိုက်ဆိုသကဲ့သို့ဖြစ်လာခဲ့ရသည်မှာ အစဉ်သတိပြုရမည့် သမိုင်းသင်ခန်းစာများပင်ဖြစ်ကြောင်း။

ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲကိုးကွယ်မှုများ၊ နိုင်ငံတွင်းအခြေအနေများနှင့် ကိုက်ညီမှုမရှိသည့် ပြည်ပကချမှတ်ပေးသည့်လမ်းစဉ်အပေါ် လွန်ကဲစွာအားကိုးမှုများ တစ်ယူသန်လိုက်နာကျင့်ကြံမှုများကြောင့် မိမိနိုင်ငံနှင့် မိမိလူမျိုး၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်စွမ်းမရှိသည့်အပြင် တိုင်းပြည်နစ်နာရသည့်အခြေအနေကို တွန်းပို့သကဲ့သို့ဖြစ်ခဲ့ရသည့်အတွက် ပြည်ထောင်စုကြီးပြိုကွဲလုအခြေအနေကို အကြိမ်ကြိမ်ဆိုက်ရောက်ခဲ့ရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ယင်းသမိုင်းကြောင်း သင်ခန်းစာများကိုရယူပြီး မိမိနိုင်ငံ မိမိလူမျိုး၏သမိုင်းကြောင်းအခြေခံများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများ၊ ပြည်ထောင်စုကြီး၏ဖွဲ့စည်းတည်ရှိမှုအနှစ်သာရများနှင့် ဆီလျော်ကိုက်ညီသည့်အပြင် ညီညွတ်မျှတပြီး ထာဝစဉ်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်လာစေရန် အမျိုးသားရေးမူဝါဒကိုအခြေခံသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

တိုင်းပြည်၏အနာဂတ် အေးချမ်းသာယာပြီး ပြည့်စုံတင့်တယ်စေရေးမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးအပေါ်တွင် တည်မှီလျက်ရှိသကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးမှာလည်း နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများနှင့် အမျိုးသားပညာရည်မြင့်မားမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်တည်နေမှုအပေါ်တွင် တည်မှီလျက်ရှိကြောင်း။

ယင်းအမျိုးသားရေးလိုအပ်ချက်များ ပြည့်မြောက်အောင်မြင်စေရေးတွင် ပညာရေးကဏ္ဍ၏ စွမ်းဆောင်ပံ့ပိုးပေးမှုများသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည့်အခြေအနေအချိန်အခါကို တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများအားလုံးကသိမြင်ခံယူပြီး မိမိတို့ပညာရေးကဏ္ဍ၏ နိုင်ငံတော်သစ် တည်ဆောက်ရေး အမျိုးသားရေးတာဝန်များကို ကျေကျေပွန်ပွန် တက်တက်ကြွကြွ ထမ်းရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တောင့်တင့်တယ် အခွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်စေရေးမှာ ပညာရေးကဏ္ဍ၏ပဓာနကျမှုကိုသိမြင်ပြီးအမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍက ပံ့ပိုးထောက်ကူပေးရမည့် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ ၉၁၂ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ (သတင်းစဉ်)

## မဟာဘွဲ့နှင်းသဘင်

## အခမ်းအနားကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော စာအောင်ပုဂ္ဂိုလ်၄၁၆ပါး၊ ပထမပြန်စာမေးပွဲတွင် ပထမကျော် အပါအဝင် အထူးအောင်ပုဂ္ဂိုလ်၁၂ပါး၊ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် အပါး ၂၀၊ အဘိဓမ္မာ ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို စာတိုက်မှပင့်စာများ ပေးပို့ဆက်ကပ် ပင့်ဆောင်ထားပြီး ဖြစ်သည်။ ပင့်စာများ အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထား၍ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ပုဗ္ဗာရုံဝိဒေဟကျောင်းဆောင် စာမေးပွဲဌာနသို့ စာအောင်ပုဂ္ဂိုလ်များကိုယ်တိုင် မပျက်မကွက် ဆက်သွယ်သတင်းပို့ရန်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

**ထူးခြားသည့် ညအပူချိန်များ**

**၅-၂-၂၀၀၇**

**ပင်လောင်း**
၃ ဒီဂရီ စင်တီဂရိတ်
**ရန်ကုန်**
၁၇ ဒီဂရီ စင်တီဂရိတ်

**သဃ်န်းကျွန်းမြို့နယ် င/ခရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ၊ တပ်ဖွဲ့ဝင်အသစ်များ ဖွဲ့စည်းရေးနှင့် ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က အမက(၂၃)ကျောင်းခန်းမ၌ ပြုလုပ်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဝတ်စုံပေးအပ်စဉ်။**

(၁၀၆)



**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နိုင်**

# ကာ (၂)

စိုးမြကျော်

**ဘကြီးစိုး။** ၂၃-၆-၁၉၉၂ရက်နေ့မှာ အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်း ဆွေးနွေးပွဲကို စတင်ကျင်းပနိုင်ခဲ့တယ်။ အဲဒီ ဆွေးနွေးပွဲကို NLD က ကိုယ်စားလှယ် ၁၅ဦး၊ SNLD (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)က ကိုယ်စားလှယ်ခြောက်ဦးအပါအဝင် နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ တက်ရောက်ဆွေးနွေးခဲ့ကြတယ်။

**ကြီးကြီးမြ။** ၁၀-၇-၁၉၉၂ရက်နေ့အထိ တွေ့ဆုံဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပြီး အမျိုးသားညီလာခံကျင်းပရာမှာ ဖိတ်ကြားသင့်တဲ့ ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့ သတ်မှတ်ဖို့ သဘောတူ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြတယ်။

**ဘကြီးစိုး။** တပ်မတော်အစိုးရနဲ့ နိုင်ငံရေးပါတီတွေရဲ့ တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်မှုကို အထူးအလေးဂရုပြုတဲ့အနေနဲ့ အဲဒီနေ့မှာပဲ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဆွေးနွေးပွဲ တက်ရောက်နေတဲ့ ကိုယ်စားလှယ်တွေကို ရင်းရင်းနှီးနှီး ခင်ခင်မင်မင် တွေ့ဆုံနှုတ်ဆက် အားပေးခဲ့တယ်ကွယ့်။

**စိုးမြကျော်။** **မြေအောက်နိုင်ငံရေးအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တဲ့ တပ်မတော်အစိုးရဟာ မြေပေါ်နိုင်ငံရေး အင်အားစုတွေနဲ့လည်း တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်ခဲ့တယ်လို့ ဆိုရမှာပေါ့နော် ဘကြီး။**

**ဘကြီးစိုး။** **မှန်တာပေါ့ကွယ်။ ဒီနေရာမှာ ဘကြီး ကောက်ချက်တစ်ခု ချချင်တာက အဲဒီတွေ့ဆုံဆွေးနွေးပွဲ အားလုံးဟာ ပြည်ပ ပယောဂမပါလို့၊ ဒေါ်စုကြည်ရဲ့ ပယောဂမပါလို့ အောင်မြင်မှု အပြည့်အဝရခဲ့တယ်ဆိုတာပါပဲ ။**

**ကြီးကြီးမြ။** **ဟုတ်တယ်မောင်ကျော်၊ အဲဒီလို ကိုယ့်ပြည်တွင်းရေးကို ကိုယ့်ပြည်တွင်းမှာပဲ ကိုယ့်တိုင်းရင်းသားအချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ခဲ့ကြလို့ ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှာ အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် စတင်ကျင်းပနိုင်ခဲ့တာ ဖြစ်တယ်။**

**စိုးမြကျော်။** မြန်မာနိုင်ငံမှာ နှစ်ပေါင်းလေးဆယ်ကျော် အရိုးစွဲနေခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခနဲ့ နိုင်ငံရေးပဋိပက္ခတွေ ချုပ်ငြိမ်းပပျောက်နိုင်ဖို့အတွက် ဟိုတုန်းက ဝန်ကြီးချုပ်ဟောင်း ဦးနုရော၊ အလံနီသခင်စိုးကြီးတို့ရော အဆိုပြုပြီး ကြိုးပမ်းခဲ့ကြဖူးတယ်လို့ သိရပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းကျမှ အမျိုးသားညီလာခံကြီး ကျင်းပနိုင်ခဲ့တာမို့ တပ်မတော်အစိုးရရဲ့ တွေ့ဆုံဆွေးနွေးပွဲအောင်မြင်မှုကို မျက်ကွယ်ပြုလို့ မရဘူးဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

**ဘကြီးစိုး။** ဒါပေါ့ကွယ်၊ အမျိုးသားညီလာခံဆိုတာ တပ်မတော်အစိုးရက မဖြစ်မနေ မရပ်မနား ကျင်းပပြုလုပ်ခဲ့တဲ့၊ အကြိမ်ကြိမ်သော တွေ့ဆုံဆွေးနွေးပွဲတွေကို အကြောင်းပြုပြီး ပေါ်ပေါက်လာတဲ့ အဆင့်အမြင့်ဆုံး အမျိုးသားရေး တွေ့ဆုံဆွေးနွေးပွဲကြီးဖြစ်ပါတယ်။

**ကြီးကြီးမြ။** အမျိုးသားညီလာခံကို ပါဝင်တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်အစုအဖွဲ့ အမျိုးအစားနဲ့ အရေအတွက်ကိုကြည့်ရင် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၊ တိုင်းရင်းသားအားလုံး၊ လူတန်းစားအလွှာအားလုံးကို ကိုယ်စားပြုနေကြောင်း တွေ့ရှိနိုင်ပါတယ်။

**စိုးမြကျော်။** ကျွန်တော့်မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ထားတာရှိလို့ ဖတ်ပြပါရစေ။တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီ ၁၀ ပါတီမှ တစ်ပါတီကိုယ်စားလှယ်ငါးဦးစီနဲ့ စုစုပေါင်း ၅၀၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော နိုင်ငံရေးပါတီ ခြောက်ပါတီမှ ကိုယ်စားလှယ် ၉၉ ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ရှစ်ဦး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၂၁၅ ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ် ၉၃ဦး၊ အလုပ်သမားကိုယ်စားလှယ် ၄၈ ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် ၉၂ ဦး၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ် ၅၇ ဦး၊ စုစုပေါင်းအမျိုးသားညီလာခံကိုယ်စားလှယ် ၇၀၂ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း တွေ့ရပါတယ်။

**ကြီးကြီးမြ။** အဲဒီကိုယ်စားလှယ်တွေထဲမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေလဲ ပါတယ်မဟုတ်လား ကိုစိုး။

**ဘကြီးစိုး။** ပါတာပေါ့ကွယ်၊အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ် ၅၇ဦး ထဲမှာ တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းအတွေက ကိုယ်စားလှယ် ၄၂ ဦးတောင် ပါဝင်ခဲ့ပါတယ်။ NLD ဆိုရင်လဲ ကိုယ်စားလှယ်ဦးရေအများဆုံးပဲ၊ NLD ဥက္ကဋ္ဌ ဦးအောင်ရွှေခေါင်းဆောင်ပြီး ကိုယ်စားလှယ် ၈၆ ဦးအထိ ပါဝင်တက်ရောက်ခဲ့တယ်။

**စိုးမြကျော်။** ဒါဆို ဥပဒေဘောင်အတွင်းမဝင်ရောက်သေးတဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့အချို့နဲ့ ဥပဒေကိုဆန့်ကျင်ကျောခိုင်းနေသူ တချို့ကလွဲလို့ တစ်နိုင်ငံလုံးကို စုရုံးကိုယ်စားပြုနေတာပဲပေါ့။

**ဘကြီးစိုး။** အဲဒီလို ကိုယ်စားပြုမှု မှန်ကန်မျှတခဲ့လို့လဲ အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်ကနေ ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့အထိ အထစ်အငေါ့မရှိဘဲ အဆင်ပြေချောမွေ့စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါတယ်။

**စိုးမြကျော်။** အဲဒီ အမျိုးသားညီလာခံကနေ ဘယ်လိုအောင်မြင်မှုတွေ ရရှိခဲ့တာလဲ ဘကြီး။

**ဘကြီးစိုး။** ဘကြီးတို့ နိုင်ငံအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်သင့်တဲ့ နိုင်ငံတော်အခြေခံမူ ၁၀၄ ချက်နဲ့ အခန်းလိုက်ခေါင်းစဉ် ၁၅ ခုကို အားလုံးညှိနှိုင်းသဘောတူညီမှုနဲ့ ချမှတ်နိုင်ခဲ့တယ်ကွယ့်၊ ဒါ့အပြင် အသေးစိတ်အခြေခံရမယ့်မူအချို့ကိုလဲ ချမှတ်နိုင်ခဲ့ပါတယ်။

**စိုးမြကျော်။** ဒါဆို အရှိန်အဟုန်မြင့်မြင့်မားမားနဲ့ အောင်အောင်မြင်မြင် ထိထိရောက်ရောက် ကျင်းပနိုင်ခဲ့တာပဲ။ ဘာကြောင့် ၁၉၉၆ ခုနှစ်မှာ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရတာလဲ ဘကြီး။

**ကြီးကြီးမြ။** အဲဒါ ပြောတာပေါ့ကွယ်၊ ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက် ဆိုသလို မောင်မင်းကြီးသား မိုက်ကယ်အဲရစ်နဲ့ မယ်မင်းကြီးမ ဒေါ်စုကြည်တို့ရဲ့စနက်ကြောင့် ပျက်ခဲ့ရတာပဲကွယ့်။

**စိုးမြကျော်။** အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ ဖုံးကွယ်လှည့်စားချက်တွေနဲ့ ဒေါ်စုကြည်ရဲ့ ဖုံးကွယ်လှည့်စားချက်တွေ ပေါင်းစပ်ပြီး မကောင်းတဲ့အကျိုးဆက်တွေ ပေါ်ပေါက်လာတာပဲဖြစ်မယ် ထင်ပါရဲ့။ ရှင်းရှင်းလင်းလင်း၊ ကွက်ကွက်ကွင်းကွင်း သိရအောင် ရှင်းပြပေးပါဦး ဘကြီး။

**ဘကြီးစိုး။** အဲဒီအချိန်တုန်းက အမျိုးသားညီလာခံကျင်းပမှုက အရှိန်အဟုန်ကောင်းသလို ရလဒ်ကောင်းတွေရရှိနေတယ်။ ဘကြီးကိုယ်တိုင် ညီလာခံကိုယ်စားလှယ်အဖြစ် နှစ်နှစ် ၁၀လနဲ့ ၁၆ရက်တိတိ ပါဝင်တက်ရောက်ခဲ့ရတာမို့ NLD နဲ့ SNLD ကကိုယ်စားလှယ်တွေနဲ့ ရင်းရင်းနှီးနှီးထိတွေ့ဆက်ဆံခဲ့ရတယ်။ အားလုံးရဲ့သဘောထားကလဲ အမျိုးသားညီလာခံအပေါ်မှာ လေးနက်ခိုင်မာနေတယ်။ NLDနဲ့ ဒေါ်စုကြည်ကလဲ တသီးတခြားစီ ဖြစ်နေကြပြီလေ။ အမျိုးသားညီလာခံကြီးရဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်နဲ့ ကောင်းမြတ်တဲ့လုပ်ဆောင်ချက်တွေကြောင့် ကြားကနေ ဘယ်သူမှ ဝင်ဖျက်မယ်လို့လဲ မထင်ခဲ့ကြဘူး။

**ကြီးကြီးမြ။** ၁၉၉၄ခုနှစ် စက်တင်ဘာလမှာ နိုင်ငံတော်အကြီးအကဲနဲ့ တွေ့ဆုံခဲ့ရာမှာရော၊ အောက်တိုဘာလမှာ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့ရာမှာရော ဒေါ်စုကြည်က ဘယ်လိုကတိစကားတွေ ပေးခဲ့သလဲမှမသိဘဲ။

**ဘကြီးစိုး။** သေချာတာတစ်ခုကတော့ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံ့အကြီးအကဲတွေဟာ ဆိုခဲစေ မြဲစေဆိုတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်တယ်။ စကားကိုဘယ်တော့မှ လက်လွတ်စပယ်မပြောဘူး။ ပြောရင်လဲပြောတဲ့အတိုင်း မဖြစ်မနေ မဆုတ်မနစ်လုပ်ကြတယ်။

**ကြီးကြီးမြ။** ဒါကြောင့်မို့လဲ ၁၉၉၅ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့မှာ ဒေါ်စုကြည်အပေါ် ယုံကြည်မှု အပြည့်အဝထားပြီး ကန့်သတ်တားမြစ်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးခဲ့တာ ပေါ့ကွယ်။

**ဘကြီးစိုး။** ဒီနေရာမှာ ဘကြီးပြန်လည်ကြားသိရတာတစ်ခုကို နိုင်ငံတကာကရော၊ အများပြည်သူတွေရော သိအောင်ပြောပြရတော့မယ်။ ဘကြီးနားနဲ့ဆတ်ဆတ်ကြားရတာမဟုတ်ဘဲ တစ်ဆင့်စကား တစ်ဆင့်နား ပြန်ကြားခဲ့ရတာမို့ မှားချင်လဲ မှားမယ်၊ ဒါပေမယ့် စကားနောက်တရားပါဆိုသလို အဲဒီဖြစ်ရပ်ကတော့ အမှန်တကယ်ဖြစ်သွားခဲ့တာပဲ။

**ကြီးကြီးမြ။** ဘာများလဲကိုစိုး၊မြကိုတောင်တစ်ခါမှ မပြောခဲ့ဖူးပါဘူး။

**ဘကြီးစိုး။** ပုဂ္ဂိုလ်ရေးတွေပါနေလို့၊ တစ်ဖက်သားကို ထိခိုက်မှာစိုးလို့ မပြောခဲ့တာပါ။၁၉၉၃ခုနှစ်ကတည်းကအမျိုးသားညီလာခံမှာ ပါဝင်တက်ရောက်နေတဲ့ ကိုယ်စားလှယ်တချို့တလေ သိထားပြီးသားကိစ္စပါ။

**မြေအောက် နိုင်ငံရေးအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့တဲ့ တပ်မတော်အစိုးရဟာ မြေပေါ်နိုင်ငံရေး အင်အားစုတွေနဲ့လည်း တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက် နိုင်ခဲ့တယ်လို့ ဆိုရမှာပေါ့နော် ဘကြီး။**

**မှန်တာပေါ့ကွယ်။ ဒီနေရာမှာ ဘကြီး ကောက်ချက် တစ်ခု ချချင်တာက အဲဒီတွေ့ဆုံဆွေးနွေးပွဲ အားလုံးဟာ ပြည်ပ ပယောဂမပါလို့၊ ဒေါ်စုကြည်ရဲ့ ပယောဂမပါလို့ အောင်မြင်မှု အပြည့်အဝရခဲ့တယ်ဆိုတာပါပဲ ။**

**စိုးမြကျော်။** ကျွန်တော်တို့ မသိသင့်မသိထိုက်ရင်လဲမပြောပါနဲ့တော့ဘကြီးရယ်။ ကိုယ်စိတ်နှလုံး သုံးပါးစလုံး ဘကြီးစောင့်ထိန်းတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။

**ဘကြီးစိုး။** အခုအချိန်မှာ ဘကြီးပြောမယ့်ကိစ္စဟာ နိုင်ငံ့အရေး၊တစ်မျိုးသားလုံးအရေးဖြစ်နေလို့ မပြောမပြီး မတီးမမြည်ဆိုသလို ပြောရတာပါ။ အဲဒါကတော့ နိုင်ငံတော်နဲ့ ဒေါ်စုကြည်တို့ တွေ့ဆုံဆွေးနွေးတဲ့သတင်းကို ရုပ်မြင်သံကြားနဲ့ သတင်းစာကဖော်ပြလိုက်ချိန်မှာ ကြားလိုက်ရတဲ့ ပွဲတင်သံလို့ပဲ ဆိုရလိမ့်မယ်။ အမျိုးသားညီလာခံတက်နေတဲ့ NLD ကိုယ်စားလှယ်တချို့က ဒေါ်စုကြည်ကို နိုင်ငံတော်က လတ်တလောအခြေအနေမှာ ပြန်လွှတ်ပေးလိုက်မှာကို စိုးရိမ်မကင်းဖြစ်နေကြတယ်ဆိုတဲ့သတင်းပါပဲ။

**ကြီးကြီးမြ။** သူတို့က ဘာလို့စိုးရိမ်မကင်းဖြစ်ခဲ့ကြတာလဲ ကိုစိုး။

**ဘကြီးစိုး။** ဒေါ်စုကြည်ပြန်လွှတ်လာတာနဲ့ NLD ကိုပြန်လည်ချုပ်ကိုင်လွှမ်းမိုးပြီး အမျိုးသားညီလာခံကြီး ပျက်စီးအောင် ပြည်ပအားကိုးနဲ့ ဖျက်လိုဖျက်ဆီးလုပ်တာကို တွက်ဆပြီး စိုးရိမ်နေကြတာလို့ ကြားခဲ့ရတာပါပဲကွယ်။

**စိုးမြကျော်။** ဟုတ်မယ်ဘကြီး၊ NLD ကိုယ်စားလှယ်တွေအားလုံးလိုလိုဟာ ၁၉၈၉ ခုနှစ်ကစပြီး ဒေါ်စုကြည်နဲ့ အနီးကပ်ထိတွေ့ဆက်ဆံခဲ့ကြဖူးတာမို့ ဒေါ်စုကြည်ဝမ်းထဲမှာ အူဘယ်နှချောင်း ရှိတယ်ဆိုတာ သိနေကြလို့ထင်ပါရဲ့။

**ကြီးကြီးမြ။** အမှန်ပဲဟေ့၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလိုပဲ ဒေါ်စုကြည်ကလဲ လွှတ်လွှတ်ချင်း မိုးကြိုးနဲ့ခွင်းတော့တာပဲမဟုတ်လား။ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှာ ပြန်လွှတ်လာတယ်။ ၂၄ နာရီတောင်မဆိုင်းဘူး။ ဇူလိုင်လ ၁၁ ရက်နေ့မှာ ဘီလူးဆိုင်းတီးတော့တာပဲ။

**စိုးမြကျော်။** ဟုတ်တယ်ကြီးကြီး၊ အဲဒီနေ့က သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားသတင်းထောက်တွေက နိုင်ငံတော်အစိုးရအပေါ် ဘယ်လိုသဘောထားသလဲလို့ ရေလာမြောင်းပေး မေးခဲ့ကြတယ်။ ဒေါ်စုကြည်က **တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးရမယ်လို့ ခြိမ်းခြောက်စကား ပြောကြားခဲ့တာ တိုင်းသိပြည်သိ ကမ္ဘာသိပါပဲ။**

**ကြီးကြီးမြ။** အဲဒီလို ဒေါနဲ့မောနဲ့ ပြောအားရှိမှာပေါ့ကွယ်။ သူ့နောက်မှာ အမေရိကန်အစိုးရနဲ့ ဗြိတိန်အစိုးရဆိုတဲ့ ကိုလိုနီနယ်ချဲ့လက်သစ်တွေရှိနေကြောင်း ကိုရွှေမိုက်ကယ်အဲရစ်က သူ့ကို ကောင်းကောင်းကြီး နားချသွားလို့ဖြစ်မှာပေါ့။

**စိုးမြကျော်။** သေချာတယ် ကြီးကြီး၊ အဲဒီလူ ဒေါ်စုကြည်ဆီ နောက်ဆုံးအခေါက် တစ်လလောက်ရောက်လာပြီး မွေနောက်ခလောက်ဆန်သွားတာဖြစ်မယ်၊ ၂၁-၁-၁၉၉၀ ရက်နေ့ အင်္ဂလန်ကို ဘင်သံနဲ့အပြန် ဗန်ကောက်လေဆိပ်မှာ ဒေါ်စုကြည်က ၎င်းရဲ့တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမယ်လို့ ပြောတယ်ဆိုတဲ့ မိုက်ကယ်အဲရစ်ရဲ့ ကြေညာချက်နဲ့ ကွက်တိပဲ။

**ဘကြီးစိုး။** ဟော-ပြောရင်းဆိုရင်း ဆွေးနွေးရင်းနဲ့ မောင်ကျော်တို့တူဝရီးနှစ်ယောက် စိတ်အချဉ်ပေါက်လာကြပြန်ပြီ။

**ကြီးကြီးမြ။** သူတို့က ဒီလောက်တောင် နောက်ကျောကို ဓားနဲ့ထိုးနေမှတော့ ဘယ်သူစိတ်အချဉ်မပေါက်ဘဲ ရှိနိုင်တော့မှာလဲ။ ကိုစိုးလဲ သိပြီးသားပါ။ နောက်နေ့ သတင်းစာရှင်းလင်းပွဲတွေမှာ မယ်မင်းကြီးမ ဘာထပ်ပြောသလဲဆိုတာ။

**စိုးမြကျော်။** ဟုတ်တယ်ဘကြီး၊ နောက်နေ့ သတင်းစာရှင်းလင်းပွဲတွေမှာ ဒေါ်စုကြည်က သူ့ထက်ကဲ ရွှေပြည်စိုး လုပ်ပြခဲ့တယ်။ အမျိုးသားညီလာခံဟာ နာမည်ခံသာဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို မကြိုက်ကြောင်း၊ ပြုပြင်ပြောင်းလဲစရာတွေရှိကြောင်း၊ ဦးအောင်ရွှေတို့ အမျိုးသားညီလာခံတက်ရောက်နေတာဟာ သူနဲ့သဘောထားမတိုက်ဆိုင်ကြောင်း၊ ဘာတစ်ခုမှ ရစရာမရှိအောင်ကို သူမို့လို့ ပြောရဲလိုက်တာ။

**ကြီးကြီးမြ။** ပြောရဲတာပေါ့ကွယ်။ အဲဒီအချိန်မှာ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးနဲ့ ဒေါ်စုကြည်တို့ ချောင်းပေါက်အောင် ဝင်ထွက်သွားလာနေပြီပဲ၊ စည်းမစောင့်တဲ့ အဲဒီသံတမန်တွေက သူ့ကို ရဲဆေးတင်ပေးထားပြီလေ၊ မကြာခင်မှာ သူ့ကို အားပေးထောက်ခံကြောင်း ပြသဖို့ အမေရိကန်တစ်ယောက် ရောက်လာဦးမယ်ဆိုတာတောင် ဒေါ်စုကြည်က ကြိုသိနေပြီပဲ။

**စိုးမြကျော်။** ဟို-ဂျွန်ဘိုလ်တန်ဆိုတဲ့လူလိုပဲ၊ မြန်မာပြည်ကို ချောက်ချဖို့ ကုလသမဂ္ဂမှာ အမေရိကန်သံအမတ်ကြီးလုပ်ခဲ့တဲ့ မယ်ဒလင်းအောဘရိုက် မဟုတ်လား။ သူကလဲ အရေးခင်းကာလတုန်းက မြန်မာနိုင်ငံကို ဆိုင်းမဆင့်ဗုံမဆင့်ပေါက်ချလာပြီး ကြားဖြတ်အစိုးရဖွဲ့ပါ၊ ဘာညာနဲ့ အားမနာလျှာမကျိုး သွေးထိုးသွားတဲ့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆

★ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

စတီဗင်ဆိုလာ့ဇ်ဆိုတဲ့လူနဲ့ အမျိုးမကွဲ တစ်ချိုးတည်းပဲ ကြီးကြီး။

**ဘကြီးစိုး။** မောင်ကျော်နဲ့ မြတို့ကလဲ ပြောမရဆိုမရနဲ့၊ ဒေါသတွေ သင့်နေကြပါဦးမယ်။

**ကြီးကြီးမြ။** သူတို့က လောဘတက် ပယောဂစွက်လို့ မြတို့ဘက်က ဒေါသထွက်ရတာပါ ကိုစိုး။ အဲဒီ မယ်ဒလင်းအောဘရိုက်က ဒေါ်စုကြည်နဲ့ နှစ်ကိုယ်ကြား ငြိမ်းချမ်းရေးစကား ပြောသွားတာမှ မဟုတ်တာ။ သူအပြန် ရန်ကုန်လေဆိပ်မှာ ပြောသွားပုံကိုကြည့်လေ၊ ဒေါ်စုကြည်နဲ့ တွေ့ဆုံဆွေးနွေး တာကို သူမြင်လိုတဲ့အကြောင်း မြန်မာနိုင်ငံအစိုးရကို တိုက်တွန်းခဲ့သတဲ့။

**စိုးမြကျော်။** အမေရိကန်လွှတ်တော်အမတ် ဆိုလာ့ဇ်က ၁၉၈၈ ခုနှစ်မှာ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးတဲ့၊ အမေရိကန်သံအမတ် မယ်ဒလင်းအောဘရိုက်က ၁၉၉၅ ခုနှစ်မှာ တွေ့ဆုံဆွေးနွေး ရေးတဲ့၊ အမေရိကန်တွေ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ခြယ်လှယ်ဖို့ ကြိုးပမ်းနေကြပုံက ကမ်းကုန်ပါရော လား။

**ဘကြီးစိုး။** ကဲပါကွယ်၊ မင်းတို့ပြောသမျှကို ဘကြီးကပဲ ဆက်စပ်ပြီး အနားသတ်ပေးပါ့မယ်။ အဲဒီ ၁၉၉၅ ခုနှစ် စက်တင်ဘာလ မှာ အမေရိကန်အစိုးရက NLD ပါတီမှ တရားဝင် လူသိရှင်ကြား အထုတ်ပယ်ခံထားရတဲ့ ဒေါ်စုကြည်ကို NLD ပါတီခေါင်းဆောင်အဖြစ် ပြန်လည်ခန့်အပ်တာဝန် ပေးသွားခဲ့တယ်၊ ဒါ့ကြောင့် ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ် အမိန့်ကို မလွန်ဆန်ရဲဘဲ NLD ကိုယ်စားလှယ်တွေ အားလုံး အမျိုးသားညီလာခံကို ဆန့်ကျင်ကျောခိုင်းထွက်ခွာ သွားခဲ့ကြရတယ်။ ဒါဟာ လွမ်းစရာမကောင်းပေဘူး လားကွယ်။

**စိုးမြကျော်။** **တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ကြွေးကြော်ပြီး ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးရဲ့ အသည်းနှလုံးဖြစ်တဲ့ တွေ့ဆုံဆွေးနွေးရေး အမျိုးသားရေး စင်မြင့်ကြီး ပျက်သုဉ်းအောင် ရည်ရွယ်ချက်ရှိရှိနဲ့ သူမို့ လုပ်ကြံဖျက်ဆီးရက်တယ်နော်။**

**ဘကြီးစိုး။** မောင်ကျော်က ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ကြံဖျက်ဆီး ရက်တယ်ဆိုလို့ အမေရိကန်နဲ့ ဒေါ်စုကြည်တို့ရဲ့ ဖုံးကွယ် လှည့်စားထားတဲ့ ရည်ရွယ်ချက်ရဲ့ ရက်စက်မှုတွေကို ဘကြီးရှင်းပြပါဦးမယ်။

**စိုးမြကျော်။** ဟုတ်ကဲ့ပါ ဘကြီး။ အမေရိကန်နဲ့ ဒေါ်စုကြည်တို့ရဲ့ လုပ်ရပ်က လင်းနို့ခွန်တောင်းရင် ကြွက်ယောင်ဆောင်ပြီး ကြွက်ခွန်တောင်းတော့လင်းနို့ယောင်ဆောင်သလို ပရိယာယ် ကြွယ်လှတာမို့ ကျွန်တော်တို့ပြည်သူတွေအားလုံး ကျောချမှ ဓားပြမှန်းသိရတဲ့အဖြစ်မျိုး ထပ်မရောက်အောင် ရှင်းပြ ပေးပါဦး။

**ဘကြီးစိုး။** ၁၉၉၅ ခုနှစ်က ဒေါ်စုကြည် ခြိမ်းခြောက်တောင်းဆိုခဲ့တဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ အခု ၂၀၀၇ ခုနှစ်မှာ အမေရိကန်နဲ့ ဗြိတိန်တို့ လုံခြုံရေးကောင်စီကတစ်ဆင့် ခြိမ်းခြောက်တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာ ဟာ အမှန်တကယ်တွေ့ဆုံဆွေးနွေးချင်လို့ မဟုတ်ဘူးကွယ့်။

**ကြီးကြီးမြ။** ဒေါ်စုကြည် ၁၉၉၅ ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်း ဆိုခဲ့တုန်းက အမျိုးသားညီလာခံ ကျင်းပနေတယ် မဟုတ် လား၊ အခု အမေရိကန်နဲ့ ဗြိတိန်တို့ ၂၀၀၇ ခုနှစ် တွေ့ဆုံ ဆွေးနွေးရေး တောင်းဆိုနေချိန်မှာလဲ အမျိုးသားညီလာခံ ကျင်းပနေတယ်မဟုတ်လား။

**စိုးမြကျော်။** ကျွန်တော်သဘောပေါက်ပြီ၊ **ဒေါ်စုကြည်က ၁၉၉၅ ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုမှုနဲ့ အမျိုးသားညီလာခံ ပျက်အောင် ဖျက်ခဲ့တယ်။ အခု အမေရိကန်နဲ့ ဗြိတိန်တို့က ၂၀၀၇ ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုမှုနဲ့ အမျိုးသား ညီလာခံကို ထပ်ဖျက်ဖို့လုပ်လာပြန်တာပါကလား၊ ဘာ ကြောင့်များ အမျိုးသားညီလာခံကြီးပျက်စီးအောင် သဲကြီး မဲကြီး လုပ်ကြံဖျက်ဆီးနေကြတာလဲ ဘကြီး။**

**ဘကြီးစိုး။** **ဘာကြောင့်လဲဆိုတော့ အမျိုးသားညီလာခံကြီးက ချမှတ် အတည်ပြုထားပြီးဖြစ်တဲ့ အခြေခံမူတွေထဲမှာ အမေရိကန်ရဲ့ နိုင်ငံရေးအကျိုးစီးပွား၊ ဒေါ်စုကြည်ရဲ့ ပုဂ္ဂိုလ်ရေး အကျိုး စီးပွားတွေနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတဲ့ အခြေခံ မူတွေ ပါဝင်နေလို့ပဲကွယ့်။**

**စိုးမြကျော်။** သူတို့နဲ့ဘာဆိုင်လို့လဲ ဘကြီးရယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးအကျိုးစီးပွားအတွက် ကျွန်တော်တို့ တစ်မျိုး သားလုံး နှစ်သက်လက်ခံတဲ့ အခြေခံမူကို ချမှတ်နိုင်ခွင့် ရှိတာပဲ၊ ဒါဟာ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံ သားတွေရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုမဟုတ်လား။

**ဘကြီးစိုး။** ဟုတ်တယ်ကွယ့်၊ ဘကြီးတို့ရဲ့ အချုပ်အခြာ အာဏာ ပိုင်ဆိုင်မှုအရ ပြဋ္ဌာန်းကျင့်သုံးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သူတို့မလိုလားတဲ့ အခြေခံမူတွေ ပါမလာအောင် တွေ့ဆုံ ဆွေးနွေးရေးဆိုတာနဲ့ ဇန်းပြပြီး လမ်းလွှဲပေးနေတာပါပဲ။

**ကြီးကြီးမြ။** သူတို့ ဒို့နိုင်ငံလမ်းချော်အောင် လမ်းလွှဲနေပုံက ကြောက်ခမန်း လိလိပဲ မောင်ကျော်ရေ့၊ ဟိုတစ်ချိန် ဖဆပလအစိုးရ ခေတ်တုန်းက တိုင်းပြည်ချောက်ကမ်းပါးထဲကျဖို့ လက်နှစ် လုံးလောက်ပဲ လိုတော့တယ်ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား၊ အခုဟာက အဲဒီလက်နှစ်လုံးလောက်တောင် အလိုမခံဘဲ ချောက်ထဲလုံးလုံးကျအောင် တွန်းချနေကြ တာကွယ့်။

**စိုးမြကျော်။** ဟုတ်လား ဘကြီး၊ ရှင်းပြပေးပါဦး။

**ဘကြီးစိုး။** အမျိုးသားညီလာခံက ချမှတ်ထားတဲ့အခြေခံမူတွေထဲမှာ အမေရိကန်အစိုးရမလိုလားတဲ့ အခြေခံမူတချို့ ပါရှိနေ တယ်ကွယ့်၊ အဲဒီအခြေခံမူတွေကတော့ နိုင်ငံခြားရေးနဲ့ စပ်လျဉ်းတဲ့ အခြေခံမူတွေပါပဲ၊ ဒီမှာ ဘကြီး ဖတ်ပြမယ်။

- **နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက် သောနိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်း ရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက် ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို စောင့်ထိန်းသည်။**
- **နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမှ စတင်ကျူးကျော် တိုက်ခိုက်ခြင်းမပြု။**
- **နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြု**

ဆိုတဲ့ အခြေခံမူတွေပဲဖြစ်တယ်။

**စိုးမြကျော်။** အဲဒီ အခြေခံမူ သုံးခုစလုံးမှာ ကျွန်တော်တို့နိုင်ငံအတွက်ရော၊ ဒေသတွင်းနိုင်ငံတွေအတွက်ရော နိုင်ငံတကာအတွက်ပါ မကောင်းတာ ဘာတစ်ခုမှမတွေ့ရပါဘူး၊ ကမ္ဘာ့ငြိမ်းချမ်း ရေးနဲ့ လုံခြုံရေးကို လိုလားသူတိုင်း လက်ခံရမယ့် အခြေခံမူ တွေပဲ မဟုတ်လား။

**ကြီးကြီးမြ။** မောင်ကျော်နှယ် အ,ရန်ကောကွယ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို လိုလားသူတိုင်း လက်ခံရမယ့် အခြေခံမူတွေ ဖြစ်နေလို့ အမေရိကန်နဲ့ ဗြိတိန်တို့က လက်မခံကြတာ ပေါ့ကွယ့်။

**စိုးမြကျော်။** ဟုတ်ပါ့မလား ကြီးကြီးရယ်။ အမေရိကန်နဲ့ ဗြိတိန်တို့က ကျွန်တော်တို့နိုင်ငံမှာ ဘယ်တုန်းက သူတို့တပ်စခန်းတွေ ချခွင့် တောင်းခဲ့လို့လဲ။

**ကြီးကြီးမြ။** မင်းနှယ့် ပြောလေခက်လေပါလား၊ အမေရိကန်က ဒို့နိုင်ငံမှာ တပ်စခန်းချခွင့်တောင်းလား၊ မတောင်းဘူးလား မင်း ဘကြီးကိုသာ မေးကြည့်ပေတော့။

**ဘကြီးစိုး။** အမေရိကန်အကြောင်းပြောရင်း တူဝရီးနှစ်ယောက် အငြင်း ပွား အချင်းများနေကြပါဦးမယ်။

**စိုးမြကျော်။** ဟုတ်ကဲ့ပါ ဘကြီး၊ အမေရိကန်နဲ့ ဒေါ်စုကြည်အကြောင်းကို အကျိုးသင့်အကြောင်းသင့် လိုက်လိုက်လျောလျော ပြောနေ လို့ကတော့ ဘယ်လိုမှအကြောင်းထူးလာမှာ မဟုတ်တော့ ပါဘူး၊ ဒါကြောင့်မို့ ကြီးကြီးဆီက ဇာတိမာန်အသံတွေ ကျွန်တော်တို့ဆီ ပဲ့တင်ထပ် ရိုက်ခတ်လာအောင် ကျွန်တော် မေးနေမိတာပါ။

**ကြီးကြီးမြ။** ကြီးကြီးကလဲ သိပြီးသားပါနော်။ နောက်နေ့ကျရင် မင်း မလာမှာတောင် တွေးပူနေတာ။

**စိုးမြကျော်။** မလာဘဲ ဘယ်နေပါ့မလဲ၊ ကျွန်တော်က ကြီးကြီးတူပဲ။ ဟုတ်တယ်နော် ကြီးကြီး။

**ဘကြီးစိုး။** လိုက်လဲလိုက်တဲ့ တူဝရီးပါပဲ။ **“ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်၌၊ ဂုဏ္ဍာန်ယက္ခ၊ နာဂခြသေ့၊ ရင်ဆိုင်တွေ့လဲ၊ ခွာ၍မစွန့်၊ နောက်မတွန့်ဘဲ”** ဆိုတဲ့ အတိုင်း ပါပဲလားဟော့။ ။

# မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး တတိယအကြိမ် နှမ်းမနဲ(ထမနဲ)ထိုးပြိုင်ပွဲနှင့် ဆွမ်းဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်းရှိ မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး တတိယအကြိမ်နှမ်းမနဲ(ထမနဲ)ထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မဟာသကျမုနိ ဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်တို့က မုခ်ဦးမဏ္ဍပ်ရှေ့ တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရပ်ကွက်နှင့် လူမှုရေးအသင်းအဖွဲ့ ၁၇ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြရာ ညနေ ၅နာရီ တွင် ဆုပေးပွဲကျင်းပကာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဖေဖော်ဝါရီ ၁ရက် (တပို့တွဲလပြည့်နေ့) နံနက်တွင် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီးနှင့် ကျောင်းကြီးတိုက် ၁၄ကျောင်းမှ သံဃာတော်များအား နှမ်းမနဲ(ထမနဲ)ဆွမ်းများ ဆက်ကပ်လှူဒါန်း၍ ဘုရားဖူးများအား နှမ်းမနဲ(ထမနဲ) ဧည့်ခံကျွေးမွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မဟာသကျမုနိ ဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်တို့ မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး တတိယ အကြိမ် နှမ်းမနဲ ထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ (၁၉၉၁-၁၉၉၄) ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် (စနေနေ့) နံနက် ၈ နာရီမှ ၁၂ နာရီအထိ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ် များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကိုလည်း ယင်းနေ့ ညနေ ၆ နာရီတွင် ကျင်းပရန် စီစဉ်ထား၍ အလှူငွေထည့်ဝင်လိုသူများနှင့် မိတ်ဆုံညစာစားပွဲ လက်မှတ်ဝယ်လိုသူများသည် ကိုအောင်သိန်း ဖုန်း-၀၉-၅၁-၅၀၃၇၄၊ ကိုသန်းမြင့် ဖုန်း-၇၀၀၇၇၄၊၀၉-၅၁-၂၀၄၇၄၊ ကိုမောင်မောင်သက် ဖုန်း-၀၉-၅၀-၀၉၃၂၃၊ ကိုကျော်ကျော်ဦး ဖုန်း-၀၉-၅၁-၅၉၅၃၃၊ ကိုကျော်လင်းဦး(ဒဂုံဆောင်) ဖုန်း- ၅၃၄၁၁၂၊ မစုစုဌေး ဖုန်း-၇၂၀၉၁၂၊ မဖြူဖြူခိုင် ဖုန်း-၀၉-၅၁-၆၇၈၅၁၊ မသူဇာ ဖုန်း-၀၉-၅၀-၂၁၈၉၅ နှင့် မယဉ်မင်းထွေး(မန္တလေးဆောင်) ဖုန်း- ၅၃၄၅၀၉ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# ပြည်နယ်နှင့်တိုင်း ဒေသအချို့၌ အချိန်အခါမဟုတ် မိုးရွာမည်သတိပေး

နေပြည်တော် ဖေဖော်ဝါရီ ၅

**မြန်မာစံတော်ချိန် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့ မွန်းလွဲမှ နောက်(၄၈)နာရီအတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်း၊ ချင်း ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။** (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင် လမ်းနေ အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတ ဓရ ဦးချုသန်း - ဒေါ်ဝင်းကြည် မိသားစုက ဦးချုသန်း၏ (၈၃)နှစ် ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်း မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးတွင် တည်ဆောက်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)



ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင် မြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံ ပညာထူးချွန် ဆု ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အထက(၁)လှိုင် ဘုရင့်နောင်ခန်းမ တွင် ကျင်းပရာ မြို့နယ် ပညာရေးမှူး ဒေါ်မြင့်ရီ မြို့နယ်အဆင့် ဘာသာစုံ ထူးချွန် ပထမဆုရ လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်း လွန်ကျောင်း ပဉ္စမတန်းမှ မောင်ရန် မျိုးအောင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)



# စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

**၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် ကျရောက်မည့် စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် JICA အဖွဲ့တို့မှ ဌာနေကိုယ်စားလှယ်များ၊ IMCJ မှ အထူး ဧည့်သည်တော်များ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေး ဦးစီးဌာနများမှ အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဆုရကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မယွန်းလဲ့ခင်၊ ဒုတိယဆုရ မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မငြိမ်းငြိမ်းအေးနှင့် တတိယဆုရ အလုံမြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းမှ မပိုးနန္ဒာအေးတို့အားလည်းကောင်း၊ International Medical Centre of Japan (IMCJ) မှ Dr. Yutaka Ishida က နှစ်သိမ့်ဆုများရရှိကြသော ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မရတနာနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းမှ မနန့်ရင်မွန်ဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အနာကြီးရောဂါကင်းဝေးရေး အသိပညာပေး ဗီဒီယိုဇာတ်လမ်းကို တင်ဆက်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံခန်းမအတွင်း ခင်းကျင်းပြသထားသော အနာကြီးရောဂါ ကင်းဝေးရေးနှင့် လူနာများအား ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ပြခန်းကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ အနာကြီးရောဂါကင်းဝေးရေးနှင့် လူနာများအား ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ပြခန်းကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

# ဘဏ္ဍာ/ အခွန်နှင့် အူလ်ဆန် ချစ်ကြည်ရေးပွဲ သရေကျ အူလ်ဆန်အသင်း အခြေခံကျေညက်သော်လည်း ဂိုးသွင်းအားနည်း

သတင်း –ညီညီစိုးညွန့်၊ ဓာတ်ပုံ –စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၅

**မြန်မာ–ကိုရီးယား ချစ်ကြည်ရေးအစီအစဉ်အရ မြန်မာလိဂ်အဆင့်မြင့်တန်းမှ ဘဏ္ဍာ/အခွန် ဘောလုံးအသင်းနှင့် ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ကျင်းပရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေကျသွားသည်။**

ချစ်ကြည်ရေးဘောလုံးပွဲ မစတင်မီ နှစ်ဖက်ဘောလုံးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဘဏ္ဍာ/အခွန်ဘောလုံးအသင်း အုပ်ချုပ်သူ ဦးသန့်ဇင်ဝင်းနှင့် အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်း Administration Manager Professor Dong Young Kim တို့က လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် နှစ်ဖက်ဘောလုံးအသင်း အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

**ဘဏ္ဍာ/အခွန်အသင်း –ဂိုးမရှိ**
**အူလ်ဆန်တက္ကသိုလ်အသင်း –ဂိုးမရှိ**
**ဒိုင်လူကြီး –ဦးဝင်းချို**

ကိုရီးယားနိုင်ငံ တက္ကသိုလ်အသင်းများတွင် ထိပ်တန်းစာရင်းဝင်သည့် အူလ်ဆန် တက္ကသိုလ်အသင်းနှင့် မြန်မာလိဂ်မှ အဆင့်မြင့်တန်းထိပ်သီးအသင်းတစ်သင်းဖြစ်သည့် ဘဏ္ဍာ/အခွန်အသင်းတို့ အနိုင်ရရှိရေး အင်ပြည့်အားပြည့်ကစားခဲ့ကြသလို လူငယ်ကစားသမားများ အတွေ့အကြုံရရှိအောင်လည်း ပွဲထုတ်ကစားခဲ့ကြသည်။

ဘဏ္ဍာ/အခွန်အသင်းတွင် ဒဏ်ရာရနေသည့် စိုးမြတ်မင်း၊ အောင်အောင်ဦး (ဂိုး)၊ ဟိန်းဇေယျာကျော်(ဂိုး)တို့အပြင် ပေကျင်းခြေစစ်ပွဲဝင် အိုလံပစ်အသင်း၌ ပါဝင်နေသည့် ခင်မောင်ထွန်းနှင့် ထူးကျော်တို့မှလွဲ၍ ရန်ပိုင်၊ အောင်ကျော်မိုး၊ လွင်ဦး၊ ကျော်သူရ၊ ထွန်းထွန်းဝင်းတို့ဖြင့် လူစုံပါဝင်ကစားခဲ့ကြသည်။ အူလ်ဆန်အသင်းမှာ ဘောလုံးပညာ အခြေခံအပိုင်း ကျေညက်ပြီး လိမ္မာပါးနပ်စွာ ကစားနိုင်ကြသော်လည်း ကစားကွက်ကို ပီပြင်စွာ မဖော်နိုင်ခြင်း၊ အဆုံးသတ် အားနည်းခြင်း တို့ကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။

ပထမပိုင်း၌ နှစ်သင်းစလုံး အပြန်အလှန် ကစားနိုင်ကြပြီး ဒုတိယပိုင်း အစတွင် အူလ်ဆန်အသင်းက တိုက်စစ်အား မြှင့်တင်ကစားလာရာ ဘဏ္ဍာ/အခွန်အသင်း နောက်တန်း အတော်ပင် ထိန်းယူခဲ့ရသည်။ အူလ်ဆန်အသင်းမှာ အဝေးပေး၊ အနီးပေး၊ တစ်ချက်ထိများဖြင့် ထိုးဖောက်ခဲ့သော်လည်း ဂိုးရှေ့တွင် အပိုင်ဂိုးသွင်းခွင့်ရအောင် အပေးအယူ လုပ်လွန်းခြင်း၊ အဆုံးသတ်အားနည်းခြင်းတို့ကြောင့် ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့၍ ဂိုးမရှိသရေဖြစ်သွားရသည်။

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းမှာ အမာခံကစားသမားများကို ထုတ်ပြီး လူငယ်ကစားသမားများကို အတွေ့အကြုံရအောင် ပွဲထုတ်ကစားခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းတွင် ဂိုး–ဇော်မျိုးလတ်၊ နောက်တန်း–စိုးလင်းထွန်း၊ မိုးကျော်သူ၊ သူရအောင်၊ နီမောင်မောင်အောင် (အောင်ထွန်းလင်း)၊ အလယ်တန်း–လွင်ဦး (ဇင်မင်းဦး)၊ အောင်ကျော်မိုး(မြင့်နိုင်)၊ ထွန်းထွန်းဝင်း(သိန်းထွန်းဝင်း)၊ ကျော်သူရ(ပိုင်စိုး)၊ ရှေ့တန်းတွင် ရန်ပိုင်(ကျော်ကျော်စိုး)နှင့် ဇော်ထိုက်(ကျော်ကျော်နိုင်)တို့ ပါဝင်ကစားသွားကြသည်။

ပွဲအပြီးတွင် ဘဏ္ဍာ/အခွန် ဘောလုံးအသင်း အကြံပေး ဦးခင်မောင်ကြိုင်က "အနိုင်ရရှိရေး ဦးတည်ကစားခြင်းမရှိဘဲ ကစားသမားများ အတွေ့အကြုံရအောင်သာ ဦးစားပေးကစားခဲ့ပါကြောင်း၊ မိမိတို့ ယခင်က IFA Shield ပြိုင်ပွဲ မသွားခင်က ကစားခဲ့ဖူးသည့် ကစ်ချီအသင်းက ယခုအသင်းထက် ပိုကောင်းပါကြောင်း၊ အူလ်ဆန်အသင်းမှာ ကျောင်းသားများဖြင့် ဖွဲ့စည်းထားသော အသင်းဖြစ်ပါကြောင်း၊ ၁၅ မိနစ်လောက် ကစားပြီးကတည်းက အူလ်ဆန်အသင်းမှာ မိမိတို့ကို အန္တရာယ်သိပ်မပေးနိုင်ဟု သိခဲ့ကြောင်း၊ အသင်းလိုက်ကစားကွက်ချင်း သိပ်မကွာသော်လည်း ဘောလုံးပညာမှာ သူတို့က ပိုကောင်းကြောင်း၊ အူလ်ဆန်အသင်းက ကွက်ပျောက် ကစားတာကောင်းပြီး ဖြတ်တင်ဘောများဖြင့် အများဆုံးအားပြု ကစားတတ်ကြောင်း၊ အဆုံးသတ်သာ သေချာလျှင် ဂိုးရသွားနိုင်ကြောင်း၊ မိမိတို့အသင်းမှာ သူတို့လိုမကစားတတ်ဘဲ ခြေထောက်ထဲမှာသာ ဘောလုံးထားပြီး ကစားတတ်ကြောင်း၊ ဒီလိုဘောလုံးပညာနှင့် နည်းစနစ်ကောင်းသည့်အသင်းနှင့် ကစားရ၍ အတွေ့အကြုံများ ရရှိပါကြောင်း" ပြောကြားသွားသည်။



**အသင်းလိုက် ကစားကွက်ချင်း သိပ်မကွာသော်လည်း ဘောလုံးပညာတွင် သူတို့က ပိုကောင်းကြောင်း ဘဏ္ဍာ/အခွန် ဘောလုံးအသင်း အကြံပေး ဦးခင်မောင်ကြိုင် ပြောကြားစဉ်။**

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

### အသင်းကောင်းတစ်သင်း

အူလ်ဆန်တက္ကသိုလ်အသင်း နည်းပြချုပ်က "ယနေ့ပွဲရလဒ်ကို ကျေနပ်ပါကြောင်း၊ မြန်မာ(ဘဏ္ဍာ/အခွန်) အသင်းမှာလည်း အသင်းကောင်းတစ်သင်း ဖြစ်ပါကြောင်း၊ မိမိတို့အသင်းမှ ကစားသမားများမှာ တက္ကသိုလ်ကျောင်းသားများသာ ဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံမှ ဟွန်ဒိုင်းကလပ်အသင်းနှင့် မိမိတို့အသင်းမှာ အဆက်အသွယ်များရှိပါကြောင်း၊ မိမိတို့အသင်းက ကစားသမားများကို ခေါ်ယူခြင်းမျိုး ရှိပါကြောင်း၊ ဖေဖော်ဝါရီ ၆ ရက် (ယနေ့)တွင် ကစားရမည့်ပွဲကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

**(ယနေ့ပွဲ)**
**ညနေ ၃ နာရီခွဲ**
**(အောင်ဆန်းကွင်း)**
**စီးပွား ကူးသန်း နှင့် အူလ်ဆန်**
(ကြေးမုံ)



**အူလ်ဆန်တက္ကသိုလ်အသင်းခေါင်းဆောင် Lee Sang Don ဘဏ္ဍာ/အခွန် နောက်ခံလူများကြားမှ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားစဉ်။**

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

လားရှိုးမြို့ ဂေါက်ကလပ်၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲက ဒု–ဦးစီးမှူး ဦးမောင်သန်းသည် ကစားဖော်များဖြစ်သော ပြည်နယ်အခွန်ဦးစီးမှူး ဦးထွန်းသန်း၊ ဦးခင်ထွန်း၊ ဦးလှမိုးအောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၆)တွင် ၁၃၄ ကိုက်အကွာမှ Titleist No-2 ဘောလုံးကို Wilson Stiff Iron Pitching Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ဘဏ္ဍာ/အခွန်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၆–၂–၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
**၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
**၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
**၄:၅၅** ၆။ မျိုးချစ်တပ်မတော်
**၅:၂၅** ၇။ ပညာခေတ်
**၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
**၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၁၇)**
**၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မွေးမြူသုတ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) အပိုင်း(၂၀)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

# ရွှေရောင်လွှမ်းသည့် မြန်မာပြည်

* မြန်ပြည်တလွှား၊ တိုင်းရင်းသားတို့
မခြားအတူ၊ လက်တွဲကူကာ
ပြည်ရွာနှံ့ပြား၊ အမျိုးသားအကျိုး
ထမ်းသယ်ပိုး၍၊ ဖွံ့ဖြိုးအေးချမ်း
ကားလမ်းရထား၊ တံတားကြီးငယ်
သွယ်သွယ်ယှက်ကာ၊ သွားလာကူးသန်း
ရွှေရောင်လွှမ်းသည့်၊ မြန်မာပြည်။
* မြန်ပြည်စီးပွား၊ အသားငါးနှင့်
စပါးလက်ဖက်၊ သရက် လိမ္မော်
သစ်တော်စုံစွာ၊ ပဲ ကြံ ဝါ နှမ်း
ရောပြွမ်းဖြစ်ထွန်း၊ ကျွန်း သစ် ရေနံ
ဆည်တမံနှင့်၊ သယံဇာတ
သဘာဝဓာတ်ငွေ့၊ လွှန်ပြည့်ဝသည်
ရွှေရောင်လွှမ်းသည့်၊ မြန်မာပြည်။
* မြန်ပြည်နီးနား၊ ဒေသများနှင့်
မြေခြားရေဝေး၊ ဒို့ပြည်ရေးကို
လေးစားနားလည်၊ ပြည်သူတကာ
ငြိမ်းချမ်းစွာအတူ၊ ယှဉ်တွဲကူသည့်
မူကြီးငါးချက်၊ ဘက်မလိုက်သူတို့
မူခြောက်ချက်နှင့်၊ မိတ်မပျက်ရန်
စိတ်ထားမှန်ပေ၊ ဆက်ဆံနေသည်
ရွှေရောင်လွှမ်းသည့် မြန်မာပြည်။
* မိမြန်ပြည်တွင်း၊ တိုင်းရင်းသားများ
ပြည်တွင်းအင်အား၊ ပြည့်ခွန်အား။
* ဒေသတွင်းမှ၊ ရောင်းရင်းဆွေများ
အမှန်တရားကို၊ လက်ကိုင်ထား။
* နိုင်ငံတကာ၊ ဆွေရင်းချာများ
အားပေးကူညီ၊ မေတ္တာပွား။
* ဘက်မလိုက်တဲ့၊ အဖွဲ့နိုင်ငံများ
ကမ္ဘာ့ငြိမ်းချမ်းရေးအား၊ တန်ဖိုးထား။
* မူမမှန်သည့်၊ သရုပ်သကန်များ
ဖိအားမပေးနဲ့၊ ဒို့အလေးမထား။ ။

**ဖိုးရန်နိုင်(ကျောက်ကြီး)**

# ရန်ကုန်-ပဲခူး-ရန်ကုန် တာဝေးစက်ဘီးစီးပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

၂၀၀၇ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲ၏ ရန်ကုန်-ပဲခူး-ရန်ကုန်တာဝေး စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၆နာရီမှစတင်၍ ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ဇေယျာဝင်း(မွန်ပြည်နယ်)က ၂ နာရီ ၄၉မိနစ် ၀၈ဒသမ ၈၁စက္ကန့်ဖြင့် ပထမဆု ဆွတ်ခူးရရှိသွားသည်။ ရန်မျိုးအောင်(ရန်ကုန်တိုင်း)က ၂ နာရီ ၄၉ မိနစ် ၀၈ဒသမ ၉၅စက္ကန့်ဖြင့် ဒုတိယ၊ စိုးမင်းဦး(ကရင်ပြည်နယ်)က တတိယတို့ရရှိသွားသည်။ ဗိုလ်စွဲသွားသည့် ဇေယျာဝင်းမှာ ခရီးလမ်းတစ်လျှောက် အုပ်စုလိုက်စီးနင်းရာတွင် နောက်မှသာ မျက်ခြည်မပြတ်လိုက်ခဲ့ပြီး ပန်းဝင်ခါနီး ကျမှရှေ့မှ ပြိုင်ဘက်များကို ကျော်တက်ကာ ပန်းဝင်သွားခြင်းဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦးသာ ယှဉ်ပြိုင်ခဲ့ကြပြီး အေးအေးသင်း (မန္တလေးတိုင်း)က ၂ နာရီ မိနစ် ၃၀ ၅၉ စက္ကန့်ဖြင့် ပထမ၊ မချို (ဧရာဝတီတိုင်း)က ၂ နာရီ ၃၀ မိနစ် ၅၉ ဒသမ ၀၁ စက္ကန့်ဖြင့် ဒုတိယ၊ မွေးမဥ္ဇူသန်း (မန္တလေးတိုင်း) က ၂ နာရီ ၃၃ မိနစ် ၁၂ ဒသမ ၀၁စက္ကန့်ဖြင့် တတိယတို့ ရရှိသွားကြသည်။

အမျိုးသမီးပြိုင်ပွဲမှာလည်း အမျိုးသားပြိုင်ပွဲနည်းတူ အုပ်စုလိုက်စီးနင်းခဲ့ပြီး ပန်းဝင်ချိန်ကျမှ ခြောက်ဦးမှာ ပထမရရှိရေး အားကုန်ထုတ် စီးနင်းခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)



**ရန်ကုန်-ပဲခူး-ရန်ကုန် အမျိုးသား တာဝေး စက်ဘီးစီးပြိုင်ပွဲ တွင် ပြိုင်ပွဲဝင်များ ဤသို့အကျိတ်အနယ် စီးနင်းခဲ့ကြစဉ်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

## အင်တာနက် ကျန်းမာရေးသတင်း

# ဆေးဝါးပစ္စည်း အတုနှင့်အစစ် ဖွင့်ဟောက်စရာမလိုဘဲ စစ်ဆေးနိုင်မည်

**လန်ဒန် ဖေဖော်ဝါရီ ၅**

ဈေးကွက်တင်ရောင်းချနေသော ဆေးဝါးများအနက် ဆေးဝါးအတုနှင့် ဆေးဝါးအစစ်ကို ခွဲခြားနိုင်မည့် ခေတ်မီနည်းလမ်းတစ်ရပ်ကို ဗြိတိသျှသိပ္ပံပညာရှင်များက ဖော်ထုတ်တီထွင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခုဖော်ထုတ်တွေ့ရှိထားသောနည်းသစ်သည် ဆေးဝါးဘူးကိုဖြေစရာမလို၊ ဖွင့်ဖောက်စရာမလိုဘဲ အထုပ်အပိုးမပျက် စစ်ဆေးပေးနိုင်သော နည်းလမ်းဖြစ်သည်ဟု ဆိုသည်။

ထိုနည်းလမ်းကိုလေ့လာတွေ့ရှိခဲ့သူ သိပ္ပံပညာရှင်များသည် ဗြိတိန်နိုင်ငံ ဒီကော့ဒေသရှိ ရူသာဖို့ဒ်အပဲယ်လ်တန်ဓာတ်ခွဲခန်းမှ သိပ္ပံပညာရှင်များ ဖြစ်သည်။ အသစ်ဖော်ထုတ်တွေ့ရှိလာသောနည်းလမ်းမှာ ယခင်က အသုံးပြုနေခဲ့ကြသည့် ရာမန်စပက်ထရိုစကုပ်ခေါ် ရောင်ခြည်ဖြင့်ထောက်လှမ်းသည့် နည်းလမ်းကို မွမ်းမံဆန်းသစ်သုံးစွဲထားသော နည်းလမ်းပင်ဖြစ်ကြောင်း သိရသည်။

ဤနည်းလမ်းတွင် လေဆာရောင်ခြည်ကိုသုံးစွဲထားသည်။ ဆေးဝါးဓာတုပစ္စည်းများပေါ်သို့ လေဆာရောင်ခြည်ကို ကျရောက်စေသောအခါ ဆေးဝါးအမျိုးအစားကိုလိုက်၍ သီးခြားစီမတူညီသော ရောင်စဉ်တန်းများကို ထုတ်လွှတ်ပေးသည်။ ဆေးအစစ်များက ထုတ်လွှတ်ပေးသော ရောင်စဉ်တန်းများကို စံအဖြစ်သတ်မှတ်ထားပြီး မှတ်တမ်းများအဖြစ် သိမ်းဆည်းထားသည်။

စမ်းသပ်စစ်ဆေးမည့် ပညာရှင်သည် ဈေးကွက်မှရလာသော နမူနာဆေးဝါးများကို ယခုနည်းလမ်းသုံး၍စစ်ဆေးပါက ဆေးဘူးကိုဖွင့်စရာ၊ ဖောက်စရာမလိုဘဲ အထုပ်အပိုးမပျက် စစ်ဆေးပေးနိုင်သော အားသာချက်ရှိသည်။ အကယ်၍ အစစ်ဆေးခံသောဆေးဝါးသည် ဆေးအတုဖြစ်နေလျှင် ထိုဆေးပေါ်သို့ လေဆာရောင်ခြည်ထိုးလိုက်သောအခါ ဆေးအတုဖြစ်နေလျှင်လည်း ပါဝင်သော ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ထူးခြားသောရောင်စဉ်တန်းကို ထုတ်လွှတ်ပေးမည်။

ဆေးအစစ်မှရယူထားသော နမူနာရောင်စဉ်တန်းနှင့် အစစ်ဆေးခံသော ဆေးဝါးမှရသော နမူနာရောင်စဉ်တန်းတို့ကို တိုက်ဆိုင်စစ်ဆေးကြည့်မည်ဖြစ်သည်။ ထိုအခါ ရောင်စဉ်တန်းချင်းကွဲပြားနေလျှင် မူလဆေးမဟုတ်ဘဲ ဆေးအတုဖြစ်ကြောင်း ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။

လောလောဆယ်ဓာတ်ခွဲခန်းသုံး ရာမန်စပက်ထရိုစကုပ်သည် ဝန်ကျယ်သဖြင့် သုံးစွဲရမလွယ်ကူပေ။ သို့ရာတွင် ယခုနှစ်ကုန်ပိုင်းလောက်တွင် လက်ဖြင့်ကိုင်၍ အလွယ်တကူသုံးစွဲနိုင်မည့် ရာမန်စပက်ထရိုစကုပ် ကိရိယာများပေါ်ထွက်လာမည်ဟု ကျွမ်းကျင်သူများက မျှော်လင့်ထားကြသည်။

ထိုနည်းလမ်းကို ကြံဆဖန်တီးခဲ့သူနှစ်ဦးမှာ ပါဗယ်လ်မက်တောဆက်နှင့် ချယ်လောက်တီအယ်လစ်ဆင်တို့ ဖြစ်သည်။

***အင်တာနက်။***




**ဆေးဘူးများကို ဖွင့်ဖောက်စရာမလိုဘဲ အတုအစစ်ခွဲခြားပေးနိုင်မည့် ရာမန်စပက်ထရိုစကုပ်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အင်တာနက် အားကစားသတင်းများ

# ပိုင်နယ်တီအငြင်းပွားမှု အေအက်ဖ်အက်ဖ် ဆုံးဖြတ်မည်

**ဗန်ကောက် ဖေဖော်ဝါရီ ၅**

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွင် စင်ကာပူအသင်းကို ပိုင်နယ်တီ ကန်သွင်းခွင့်ပေးခြင်းအတွက် ကန့်ကွက်သည့်အနေဖြင့် ထိုင်းဘောလုံးသမားများ ၁၅မိနစ်ကြာမျှ ဘောလုံးကွင်းအတွင်းမှ ထွက်ခွာသွားခြင်းနှင့် ပတ်သက်၍ အရေးယူရန် သင့်၊ မသင့် ဆုံးဖြတ်ရန် အာဆီယံဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်အက်ဖ်)က အင်္ဂါနေ့တွင် အစည်းအဝေးခေါ်ယူမည်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပိုင်နယ်တီပြစ်ဒဏ်ဘောဆိုင်ရာ အငြင်းပွားမှုနှင့်ပတ်သက်၍ စဉ်းစားသုံးသပ်နိုင်ရန် အေအက်ဖ်အက်ဖ်၏ ပဏာမအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါအစည်းအဝေးကို တနင်္ဂနွေနေ့တွင် ကျင်းပသည့် ဗိုလ်လုပွဲဒုတိယအကျော့မတိုင်မီတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ကန်ထရိုက်စာချုပ် သက်တမ်းတိုးရေး ဗီဒူကာ ဖိအားပေးမည်မဟုတ်

**လန်ဒန် ဖေဖော်ဝါရီ ၅**

မိမိသည် မစ်ဒယ်ဘရော့ဒ်အသင်းတွင် ကန်ထရိုက်စာချုပ် ချုပ်ဆိုနိုင်ရန် အခြား ဘောလုံးသမားများအား ထိခိုက်နစ်နာစေလျက် ဖိအားပေးလုပ်ဆောင်မည် မဟုတ်ကြောင်း သြစတြေးလျလူမျိုး တိုက်စစ်မှူး မာ့ခ်ဗီဒူကာက ယနေ့ပြောကြားသည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင် အလယ်အလတ်တန်းအဆင့်၌ ရပ်တည်နေသော မစ်ဒယ်ဘရော့ဒ်အသင်း အနေဖြင့် ဗီဒူကာအား ကန်ထရိုက်စာချုပ်သက်တမ်းတိုးရန် ရှိ၊ မရှိ အတိအကျမသိရပေ။

အသက် ၃၁နှစ်အရွယ်ရှိ ဗီဒူကာ၏ လက်ရှိ ကန်ထရိုက်စာချုပ်သက်တမ်းမှာ ဘောလုံးရာသီကုန်ဆုံးချိန်အထိဖြစ်သည်။ ***အင်တာနက်။***




**သြစတြေးလျလူမျိုး တိုက်စစ်မှူး မာ့ခ်ဗီဒူကာ။** *(ဓာတ်ပုံ-အင်တာနက်)*

# ချစ်ကြည်ရေးခြေစမ်းပွဲ ရော်နယ်လ်ဒင်ဟို မပါဝင်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၅**

ဘရာဇီးအသင်းနှင့် ပေါ်တူဂီအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲတွင် တိုက်စစ်မှူး ရော်နယ်လ်ဒင်ဟို ပါဝင်ကစားမည်မဟုတ်ကြောင်း၊ ၎င်းသည် ထိခိုက်ဒဏ်ရာရရှိထားသူဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

**ပါဝင်ကစား**

ဘာစီလိုနာအသင်းတွင် ပါဝင်ကစားနေသူ ရော်နယ်လ်ဒင်ဟိုသည် ဘရာဇီးလက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ဩဂုတ်လတွင် ကာလို့စ်အယ်လ်ဘာတိုပရဲယား တာဝန်ယူချိန်နောက်ပိုင်း နိုင်ငံတကာဘောလုံးပြိုင်ပွဲ ငါးပွဲ၌ တစ်ပွဲတွင်သာ ပါဝင်ကစားခဲ့သည်။ ရော်နယ်လ်ဒင်ဟိုသည် ခြေသလုံးကြွက်သား နာကျင်သည့်ဝေဒနာကို လောလောဆယ်ခံစားနေရသည်။

***အင်တာနက်။***

# အင်္ဂလန်အသင်းတွင် ဂျိုင်းဘာတန်ပါဝင်မှု စတီဗင်ဂျရတ် ကြိုဆိုဟုဆို

**အင်္ဂလန် ဖေဖော်ဝါရီ ၅**

စပိန်နိုင်ငံအသင်းနှင့် ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင်ကစားရမည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အင်္ဂလန်အသင်း၌ ဂျိုင်းဘာတန် ပါဝင်ကစားခြင်းကို မိမိကြိုဆိုကြောင်း စတီဗင်ဂျရတ်က ယနေ့ ပြောကြားသည်။

**ဝေဖန်**

မန်ချက်စတာစီးတီးအသင်းမှ ဂျိုင်းဘာတန်သည် လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား စတီဗင်ဂျရတ်အား မကြာသေးမီက ဝေဖန်ခဲ့သဖြင့် တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ ဂျိုင်းဘာတန်သည် ချယ်လ်ဆီးအသင်းမှ ဖရန့်ခ်လမ်းပတ်ကိုလည်း ဝေဖန်ခဲ့သူဖြစ်သည်။

**ရပ်တည်လာနိုင်**

အသက် (၂၄) နှစ်အရွယ်ရှိ ဂျိုင်းဘာတန်သည် အင်္ဂလန်လက်ရွေးစင်အသင်း၌ ပါဝင်ခွင့် ရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ၎င်းသည် နည်းပြ စတုအတ်ပါစီ၏ မန်စီးတီးအသင်းတွင် ခြေစွမ်းပြနိုင်သော ဘောလုံးသမားအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ ***အင်တာနက်။***

# ပြည်ထောင်စု မပြိုကွဲရေး ...

## မိမိနိုင်ငံ၊ မိမိလူမျိုး အောင်မြင်တိုးတက်ရေး ကြိုးစားဆောင်ရွက်ရာတွင် သာမန်အားထုတ်မှုမျှဖြင့်မလုံလောက် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် အမီလိုက်ပါနိုင်ရန် ရည်မှန်းချက်ရှိရှိ အားထုတ်ကြိုးပမ်း

## အမျိုးသားရေးလိုအပ်ချက်များ ပြည့်မြောက်အောင်မြင်စေရေး ပညာရေးကဏ္ဍ၏စွမ်းဆောင်ပေးမှုများသည် ပဓာနကျ နိုင်ငံတော်သစ်တည်ဆောက်ရေး အမျိုးသားရေးတာဝန်များ ကျေကျေပွန်ပွန် တက်တက်ကြွကြွထမ်းရွက်




နေပြည်တော် ဖေဖော်ဝါရီ ၅

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ⇨**

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ The Mirror — စိုးမြကျော် ဆောင်းပါးအညွှန်း

**"အမျိုးသားညီလာခံဆိုတာ တပ်မတော်အစိုးရက မဖြစ်မနေ မရပ်မနား ကျင်းပပြုလုပ်ခဲ့တဲ့ အကြိမ်ကြိမ်သော တွေ့ဆုံဆွေးနွေးပွဲတွေကို အကြောင်းပြုပြီး ပေါ်ပေါက်လာတဲ့ အဆင့်အမြင့်ဆုံး အမျိုးသားရေး တွေ့ဆုံဆွေးနွေးပွဲကြီး ဖြစ်ပါတယ်။"**

စိုးမြကျော်၏ "တွေ့ဆုံဆွေးနွေးရေး၊တွေ့ဆုံဆွေးနွေးရေး... ဟု ဆိုကာ (၂)"

**ဆောင်းပါး၊ စာမျက်နှာ (၈၊ ၉၊ ၁၀)**